

# တန်ဖိုးရှိသောဘဝနှင့် ရပ်တည်ခြင်း ( Living a Life with Values )

ဦးအောင်ဆန်းဦး

**အပိုင်း (၂) “မိမိကိုယ်ပိုင်အတွက်နှင့်တိုင်းပြည်လူမျိုးအတွက် စွမ်းရည်မြှင့်တင်ခြင်း”**

**( Empowering Self and Nation)**

ဒီဇင်ဘာ ၂၀၁၉

## နိဒါန်း

ဤဆောင်းပါးသည် မြန်မာစာဖတ်သူများအတွက်ရည်မှန်းလျက်ရေးသားခဲ့ခြင်းဖြစ်ပါသည်။ မြန်မာဆိုသည့်စကားရပ်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း စသည်ဖြင့် ပူးပေါင်းပါဝင် ပြီးသား ဖြစ်သည်။ Burmese (သို့) Burma ဆိုသောစကားကို အသုံးပြုသောအခါတွင် ဗြိတိသျှအစိုးရအုပ်ချုပ်စဥ်ကာလ စကားလုံးအသုံးအနှုန်းနှင့် သက်ဆိုင်ခဲ့ပြီး ဗြိတိသျှခေတ်ပြီးသည့်နောက်တွင်လည်း စွဲကျန်ရစ်ခဲ့သောစကားလုံးသုံးနှုန်းပုံများဖြစ်ကြသည်။ နိုင်ငံခြားသားစာဖက်သူများအနေဖြင့် ဤဆောင်းပါးကိုဖက်ရှုရသောအခါတွင် ဆောင်းပါးအတွင်းပါရှိသောဗမာစကားလုံးများ၏ ဆိုလို ရင်းအဓိပ္ပါယ်ကို နားလည်ဘို့လွယ်ကူမည်မဟုတ်ပေ။ ထို့ကြောင့် ဤဆောင်းပါးအနေဖြင့် အကျယ်ချဲ့ရှင်းပြရေးသားမှုများကို အနည်းဆုံးလျှော့ချပြီး တိုတိုရှင်းရှင်းဖြင့် ရေးသားထားသည်။

**အပိုင်း(၁) “နိုင်ငံသားများ၏ ရပိုင်ခွင့်အားလုံးဆုံးရှုံးခဲ့ရခြင်း” (Disfranchising of a Nation )**

ဤအပိုင်းတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာလူမျိုးတို့၏ ကံကြမ္မာနှင့်ပက်သက်သော နောက်ခံသမိုင်းကြောင်း အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။ ထိုစဥ် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များက မြန်မာနိုင်ငံကို အဘက်ဘက်မှ အဆင့်အတန်းနိမ့်ကျအောင် ဆောင်ရွက်မှု အကျဉ်းချုပ်ဖော်ပြချက်လည်း ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးစ နုနယ်သော နိုင်ငံဖြစ်မှုကို အပြစ်တင်စရာ ရှိသော်လည်း နိုင်ငံအတွက် အထင်ကရဆုံးရှုံးမှုများကိုတော့ ဖြစ်စေခဲ့သည်။

**အပိုင်း (၂) “မိမိကိုယ်ပိုင်အတွက်နှင့်တိုင်းပြည်လူမျိုးအတွက် စွမ်းရည်မြှင့်တင်ခြင်း” ( Empowering Self and Nation)**

ဤအပိုင်းတွင် ထိခိုက်ပျက်စီးသွားသော ပြည်သူလူထုများ၏ စိတ်ဓါက်ရေးရာအား ပြန်လည်ပြုပြင်ရန်နှင့် နိုင်ငံအတွက် ပြန်လည်ကြိုးပမ်းဆောင်ရွက်လိုသော မျိုးချစ်ပုဂ္ဂိုလ်တို့၏ စာရိတ္တပိုင်းဆိုင်ရာ ကောင်းမွန်ရေးအတွက် ရည်ရွယ်ပါသည်။

**အပိုင်း(၃) “နိုင်ငံသားများ၏အခွင့်အရေး ပြန်လည်ပေးအပ်ခြင်း” (Enfranchising the Nation of Myanmar )**

ဤအပိုင်းတွင် လက်ရှိအခြေနေအရ နိုင်ငံရေးတာဝန်များနှင့်အာဏာများ အပ်နှင်းခြင်းခံရထားသော်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် အထက်ပါ နိုင်ငံတော်၏ ဆုံးရှုံးခဲ့မှုများကို ပိုမိုကောင်းမွန်သော နိုင်ငံရေးစနစ်တစ်ခု အသွင်ဖြင့် အစားထိုးဖေါ်ဆောင်ကာ နိုင်ငံသားများအတွက် တရားမျှတမှန်ကန်မှုများ ပြန်လည်ဆောင်ကျဉ်းပေးနိုင်ရေးကို ရည်ရွယ်ပါသည်။

## အပိုင်း(၂) မိမိကိုယ်ပိုင်အတွက်နှင့် တိုင်းပြည်လူမျိုးအတွက် စွမ်းရည်မြှင့်တင်ခြင်း

အချို့သောလူတွေအတွက် ဘဝဟူသည်မှာ ဆင်းရဲဒုက္ခသာဖြစ်၏ဟူ၍ ၎င်းတို့အနေဖြင့် ကျင့်ကြံမှုဖြင့်ပင် ဆင်းရဲဒုက္ခတို့ကို ကင်းဝေးနိုင်မည်ဟူသော ယုံကြည်ခြင်းတရားကို ရိုက်သွင်းခြင်း ခံထားရသည်။အဲ့ဒီလို ယုံကြည်ထားတဲ့ သူတွေရဲ့ဘဝသည် ဒီထက်ပိုဆိုးတဲ့ ဒုက္ခဆင်းရဲခြင်းမျိုးစုံနဲ့ အဆုံးသတ်သွားပါလိမ့်မည်။ ဘဝဟူသည် စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။ ဘဝ၏စိန်ခေါ်မှုများကို အမှားအမှန်ခွဲခြားတုံ့ပြန်နိုင်တဲ့ လူတွေအနေနဲ့ကတော့ အဆင်ပြေသောဘဝနှင့် ကြီးပွားတိုးတက်လာပါလိမ့်မည်။ ဘဝကို ပေါ့ပေါ့တန်းတန်းနေထိုင်သူတွေအတွက်ကတော့ ဆင်းရဲဒုက္ခတွေနဲ့သာ ရင်ဆိုင်နေရပါလိမ့်သည်။

ကျွန်ုပ်ဘဝ၏ အသက်သာနှစ် ၇၀ ကျော်အတွင်း ဖြတ်တန်းခဲ့ရဖူးသောအရေးကြီးဘဝ သင်ခန်းစာများအနက် အချို့သည် အလွန်ခက်ခဲပြီး အနာဂါတ်မှာမလွဲမသွေ ရှောင်ရှားရမယ့် ကိစ္စများ ရှိသလို၊ အချို့သည် ဘဝ၏ဖြစ်ရပ်မှန်များကို စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်ရန် ကူညီပေးသည့် မှုများကို သတိပြုမိစေသည်။ ကျွန်တော်ဖြတ်သန်းကြီးပြင်းလာခဲ့သော ဘဝအတွေ့အကြုံဟူသမျှကို စာဖတ်ပရိတ်သတ်များအား မျှဝေလိုပါသည်။ ၎င်းအခြေခံအတွေးအခေါ် နိယာမကြီးသည် အမှောင်ချခံထားရသော တိုင်းပြည်နှင့်လူမျိုးအတွက် ဉာဏ်အလင်းပြပေးနိုင်သော အဓိကနိယာမကြီးပင် ဖြစ်သည်။

ကျွန်တော် ၁၁ နှစ်သားအရွယ်တွင် ရန်ကုန်မြို့လယ်ခေါင်ရှိ U.S.I.S (United States Information Services) စာကြည့်တိုက်မှ စာအုပ်တစ်အုပ်ကို ဖတ်ရှုခဲ့ရာ ကျွန်တော့်နှလုံးသားထဲ စွဲငြိနှစ်သက်စေခဲ့သော စာပိုဒ်တစ်ပိုဒ် ဖတ်မိခဲ့သည်။ အဆိုပါစာပိုဒ်မှာ ဤသို့ဖြစ်ပါ၏-

**“When a task is once begun, Never leave it till it’s done,**

**Be the task be great or small, Do it well or not at all.”**

စာပိုဒ်၏အဓိပ္ပါယ်မှာ "အလုပ်တစ်ခုကို စလုပ်ပြီဆိုလျှင် ပြီးဆုံးသည့်အထိ လုပ်ပါ။ အလုပ် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အကောင်းဆုံးဖြစ်အောင်လုပ်ပါ။ " အဆိုပါစာသားသည် ကျွန်တော့်ဘဝ၏ အခြေခံအတွေးအခေါ်နိယာမအများကြီးထဲက ကနဦးလမ်းညွှန်တစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။ မိမိမှာ အသက်ငယ်ရွယ်သော်လည်း အဆိုပါစာပုဒ်သည် ကျွန်တော့်ဘဝ၏ အခြေခံအတွေးအခေါ်ကို အုတ်မြစ်ချမှတ်ပေးခဲ့သည်။ ကျွန်တော်ယူဆသော သမာဓိတရားနှင့်ပတ်သက်၍ ဤဆောင်းပါးတွင် ဆက်လက်ရှင်းပြ သွားပါမည်။

ကျွန်တော်သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ရန်ကုန်မြို့၊ စိန်ပေါ်အထက်တန်းကျောင်းမှ ၁၉၅၉ ခုနှစ်တွင် သင်္ချာဘာသာရပ်နှစ်မျိုးကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး နိုင်ငံတော်မှ ချီးမြှင့်ပေးသော ပညာသင်ဆုကို ရရှိသူတစ်ဦးဖြစ်ပါသည်။ ယင်းကျောင်း၏ သင်္ချာဆရာ/ဆရာမများမှာ အသင်အပြကောင်းသော်လည်း (အင်္ဂလိပ်နှင့် မြန်မာ) ဘာသာစကားသင်ကြားပေးသော ဆရာ/ဆရာမများမှာ အသင်အပြ မကောင်းကြပါ။ ကျွန်တော်ဆဋ္ဌမတန်းအရွယ်တွင် ဦးနုအစိုးရက အင်္ဂလိပ်စာသင်ရိုးစံနှုန်းကို အဆင့်နှိမ့်ချခဲ့ပြီး ပထမတန်းအင်္ဂလိပ်စာသင်ရိုးကို ဆဋ္ဌမတန်းတွင် သင်ကြားစေခဲ့သည်။ မည်သို့သောအကြောင်းကြောင့်ဖြစ်စေ မြန်မာနိုင်ငံ၏ပညာရေးအဆင့်အတန်းကို မြှင့်တင်ပေးရမည့်အစား အစိုးရကနှိမ့်ချခဲ့သည်။ မိမိဘဝတွင် နိုင်ငံရေးသမား၏ ဆုံးဖြတ်ချက်များကြောင့် ဘဝအတွက် တိုက်ရိုက်ထိခိုက်နစ်နာခဲ့ရသည့် ပထမဆုံးအတွေ့အကြုံပင် ဖြစ်သည်။

နောက်ပိုင်းကာလတွင် နာမည်ကြီးကျောင်းများ၌ မသင်ခဲ့ရသော်လည်း ဘာသာစကားဆိုင်ရာ (အင်္ဂလိပ်နှင့်မြန်မာဘာသာ)ထူးချွန်ကျွမ်းကျင်သော ကျောင်းသားတစ်ချို့နှင့် တွေ့ဆုံရင်းနှီးခွင့် ရခဲ့သည်။ ဘာသာစကား ကျွမ်းကျင်အောင် ဘယ်လိုသင်ယူခဲ့ကြသနည်း မေးသောအခါ သင်ကြားရေးစနစ်ကြောင့်မဟုတ်ဘဲ ဂရုတစိုက် သင်ကြားပေးသည့် ဆရာ/ဆရာမများကြောင့် ဟုဆိုလေသည်။ ကျွန်တော်နှင့် တွေ့ဆုံရင်းနှီးခဲ့သောကျောင်းသားတစ်ချို့မှာ ထူးချွန်သူများမှန်ပေမယ့် သင်ကြားရေးစနစ်မ

ကောင်းလှသော်လည်း နာမည်ကြီးကျောင်းများမှ ကျောင်းသားများသည် ယေဘုယျအားဖြင့် တော်ကြပါသည်။

ကျွန်တော်သည် ရန်ကင်းကော်လိပ်တွင် ခေတ္တတက်ရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံတွင် ပညာသင်ယူရန်အတွက် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည်။ ယင်းကာလတွင် နိုင်ငံရေးအခြေအနေလည်း ပြောင်းလဲစပြုနေပြီး ဖက်ဆစ်ဆန့်ကျင့်ရေးပြည်သူ့လွတ်မြောက်ရေး (ဖဆပလ) အဖွဲ့ချုပ်ကြီးသည် နှစ်ခြမ်းကွဲကာ နှစ်ဘက်စလုံးပင် ဆုတ်ယုတ်ကျဆင်းနေချိန်တွင် အင်အားရှိသော စစ်ဘက်ခေါင်းဆောင်တစ်ဦး ပေါ်ထွက်လာခဲ့ပြီး နိုင်ငံကို ကောင်းဖို့ထက်အဆိုးဆုံးဆီသို့ တွန်းပို့စေခဲ့ရာမှ အနာဂါတ်မည်သို့ဖြစ်မည်ကို ကျွန်တော်အနည်းအကျဥ်းသာ သတိပြုမိသည်။ မြောက်များစွာသော ပြည်သူလူထု လည်း အလားတူပင်ခံစားရလိမ့်မည်။

အင်္ဂလန်မှာ ကျွန်တော်၏ပထမဆုံးတက်ခဲ့ရသောကျောင်း၌ လအနည်းငယ်အကြာတွင် သိပ္ပံဘာသာရပ်နှင့်ပတ်သက်ပြီး အတန်းထဲတွင်အတော်ဆုံးစာရင်းဝင်ခဲ့ပြီး၊ ကျွန်တော်သည် ထူးချွန်သောကျောင်းသားတစ်ယောက်ဖြစ်သော်ငြားလည်း အတန်းထဲတွင် ထိပ်ဆုံးအထိရောက်ဖို့ ယှဉ်ပြိုင်ရန်စိတ်မဝင်းစားခဲ့ပေ။ ကျွန်တော်ပညာသင်ယူနေသောကျောင်းသည် အဆင့်မြင့်မားသည့် ထိပ်တန်းတက္ကသိုလ်များသို့ ဝင်ခွင့်ရအောင် သင်ကြားပေးသောကျောင်းမဟုတ်ဘဲ ဗြိတိသျှအင်ပါယာအတွက် လိုအပ်သော အကျင့်စာရိတ္တနှင့်အခြေခံပညာရေးတို့ကို သင်ကြားပေးသော ကျောင်းသာဖြစ်သည်ဟု နားလည်သဘောပေါက်လာသောအခါ၊ ထိုကျောင်းမှ သူငယ်ချင်းများ ခင်မင်စရာကောင်းသော်ညားလည်း ကျွန်တော်သည် ထိုကျောင်းတွင် တစ်နှစ်သာတက်ခဲ့ပြီး အဆင့်မြင့်တက္ကသိုလ်ဝင်ခွင့်ရရှိရေးအတွက် အဆိုပါကျောင်းမှ ထွက်ခွာခဲ့သည်။

ကျွန်တော်ရောက်ရှိလာသောပတ်ဝန်ကျင်းအသစ်မှာ ခက်ခဲရှုပ်ထွေးလှပြီး မိမိကိုယ်၌ကပင် အကန့်အသတ်ရှိသောငွေရေးကြေးရေးအရင်းအနှီးနှင့် နည်းပါးသောဗဟုသုတကြောင့် အကန့်အသတ်ရှိသော ရွေးချယ်စရာများ၊ ဆုံးရှုံးနိုင်မှုအန္တရာယ်များနှင့် ရင်ဆိုင်နေရသော စွန့်စားမှုများ၏ကြားမှ ရှင်သန်အောင်မြင်နိုင်ရန်အတွက် အမြဲ

ပင် ရုန်းကန်ကြိုးစားခဲ့ရပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအမှောင်ထုကျရောက်တော့မည့်အခြေအနေနှင့်နှိုင်းယှဉ်ပါက ကျွန်တော်၏ လက်ရှိအခြေအနေသည် ပို၍လုံခြုံအဆင်ပြေသော အနေအထားဖြစ်သည် ဟုမြင်ရသည်။

စာဖတ်သူအနေဖြင့် ဤဆောင်းပါး၏အပိုင်း(၁)ဖြစ်သည့် **"နိုင်ငံသားများ၏ ရပိုင်ခွင့်အားလုံးဆုံးရှုံးခဲ့ရခြင်း"** (Disfranchising of a Nation ) ကိုလေ့လာဖတ်ရှုနိုင်ပါ သည်။ အဆိုပါအပိုင်းတွင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာနိုင်ငံနှင့် ပြည်သူတို့၏ ကံကြမ္မာနှင့်စပ်လျဉ်းသော သမိုင်းနောက်ခံအကျဉ်းချုပ်နှင့် နိုင်ငံရေးခေါင်းဆောင်များက တိုင်းပြည်အခြေအနေကို အဘက်ဘက်မှ ဆုတ်ယုတ်ကျဆင်းစေခဲ့ သည်ကို ဖော်ပြထားပါသည်။ တစ်စုံတစ်ယောက်အနေဖြင့် စိတ်ဆန္ဒရှိလျှင် တိုင်းပြည်၏ လွတ်လပ်ရေးရပြီးကာစ အခြေအနေကို အပြစ်တင်နိုင်ပေမဲ့ တိုင်းပြည်အကြီးအကျယ် ထိခိုက်ပျက်စီးသွားခဲ့သည်မှာတော့ အမှန်ပင်ဖြစ်သည်။ အပိုင်း (၂) ဖြစ်သည့် "**မိမိကိုယ်ပိုင်အတွက်နှင့် တိုင်းပြည်လူမျိုးအတွက် စွမ်းရည် မြှင့်တင်ခြင်း**" (Empowering Self and Nation) ကို ဤနေရာမှစ၍ ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

ကျွန်တော်သည် အင်္ဂလန်နိုင်ငံမှ လျှပ်စစ်အင်ဂျင်နီယာသိပ္ပံဘွဲ့ ( Bachelor of Science in Electric Engineering (BSEE)) နှင့် လျှပ်စစ်အင်ဂျင်နီယာမဟာသိပ္ပံဘွဲ့ ( Master of Science in Electric Engineering (MSEE))တို့ကို ရရှိခဲ့ပါသည်။ ITT (International Telephone & Telegraph)၏ဆက်သွယ်ရေးဆိုင်ရာ သုတေသနဓါတ်ခွဲခန်းတွင် နှစ်အနည်းငယ်မျှကြာ လုပ်ကိုင်ခဲ့ပြီးနောက် ITT (USA)က microelectronic မိုက်ခရိုအီလက်ထရောနစ်ဆိုင်ရာ အလုပ်အကိုင်ကမ်းလှမ်းလာသောကြောင့် အမေရိကန်၊ Florida ဖလော်ရီဒါမြို့သို့ ပြောင်းရွှေ့ခဲ့ရသည်။ ၁၉၇၀ ခုနှစ် အစောပိုင်းကာလများတွင် microelectronic မိုက်ခရိုအီလက်ထရောနစ်နည်းပညာသည် အလွန်လျှင်မြန်စွာတိုးတက်ပြောင်းလဲလာခဲ့ပြီး ပြိုင်ဆိုင်မှုများလည်း ပြင်းထန်ခဲ့သည်။ လုပ်ငန်းခွင်၏တောင်းဆိုချက်အရ ကုမ္ပဏီတစ်ခုမှတစ်ခုသို့၊ ပြည်နယ်တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းသည် ထိုခေတ်က လုပ်ရိုးလုပ်စဉ်ကိစ္စတစ်ရပ်ပင် ဖြစ်သည်။ ကျွန်တော်၏လုပ်ငန်းအတွေ့အကြုံများထဲ

မှာ Fortune 500 ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ (၅၀၀) တွင်လည်းပါဝင်ပါသည်။ ကျွန်တော်သည် ထိပ်တန်းသိပ္ပံနှင့်နည်းပညာ Research and development (R&D) ဌာနယ်များတွင် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများလည်း ထုတ်ဝေခဲ့သည်။ ကယ်လီဖိုးနီးယား California တွင် အခြေချသည့် မြန်မာအမျိုးသမီး စာရေးဆရာမတစ်ဦးဖြစ်သူ ဒေါ်လှဲ့လှဲ့နွယ်သိန်းနှင့် အိမ်ထောင်ပြုခဲ့သည်။ အမေရိကန်ရေတပ်၌ စတင်အလုပ်ဝင်ချိန်တွင် San Diego ဆန်ဒီယေဂိုမြို့အခြေစိုက် North Island နေ့သ်အိုင်းလန်း လေယာဥ်တင်သင်္ဘောအခြေစိုက်စခန်းမှ ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာအင်ဂျင်နီယာသုတေသနဓါက်ခွဲခန်းဌာန Materials Engineering Lab တွင် တာဝန်ကျခဲ့ပြီး၊ ၁၉၉၁ ခုနှစ်တွင် ဌာန၏တစ်နှစ်တာအကောင်းဆုံး ဝန်ထမ်းဆုကို ကျွန်တော် ရရှိခဲ့သည်။

မြန်မာနိုင်ငံမှထွက်ခွာခဲ့သည်မှာ (၂၆) နှစ်ကြာခဲ့ပြီးနောက် ၁၉၈၈ နှစ်ကုန်ခါနီးတွင် မိခင် ဖြစ်သူ၏ ဈာပနအတွက် မြန်မာနိုင်ငံသို့ ကျွန်တော်ပြန်လာခဲ့သည်။ ထိုအချိန်ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ဆိုးဆိုးရွားရွားယိုယွင်းကျဆင်းပြီး နိုင်ငံရေးအပြောင်းအလဲဖြစ်စေသော လူထုဆူပူဆန္ဒပြပွဲများကိုလည်း နှိမ်နင်းပြီးကာစချိန်ဖြစ်ပါသည်။ Thai Airways ထိုင်းလေကြောင်းလိုင်းလည်း တစ်ပတ်လျှင် တစ်ကြိမ်သာ ရန်ကုန်သို့ဆင်းသက်ပါသည်။ အခြားလေကြောင်းလိုင်းများ ပြေးဆွဲခြင်းမရှိပေ။ ရန်ကုန်မြို့မှနေအိမ်များတွင် မနက်အစောပိုင်းတွင်သာ တစ်စက်ချင်းကျသောရေကို ရေပုံးသေးသေးဖြင့် ခံကာမျက်နှာသစ် ရေပက်တိုက်ရသည်။ ယင်းအချိန်ကာလသည် အလွန်ပင်ခဲသောကာလပင် ဖြစ်သည်။ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ပါလီမန်အဆောက်အအုံ၌ ကျင်းပသော မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနား အတွက်တက်ရောက်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုဝင်အနေဖြင့် ဖိတ်ကြားခြင်း ခံခဲ့ရသည်။ ယင်းကာလတွင် အစိုးရသည် ရန်ပုံငွေများရှားပါးလွန်းသဖြင့် အခန်းအနားတွင် သီဟိုဠ်စေ့ဖြင့်သာ အဓိကတည်ခင်းဧည့်ခံနိုင်ခဲ့သည်။လွတ်လပ်ရေးရပြီးကတည်းက (ကျွန်ုပ်သာ မြန်မာနိုင်ငံ၌ရှိခဲ့လျှင်) နိုင်ငံတော်သမ္မတက ဗိုလ်ချုပ်အောင်ဆန်းမိသားစုဝင်များဖြစ်သည့် ကျွန်တော့်ကို လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ဖိတ်ကြားခြင်းခံရသည်။ ဗိုလ်ချုပ်မှူးကြီး

စောမောင် အိမ်ရှင်အဖြစ် ဦးစီးကျင်းပသောအခန်းအနားဖြစ်ပြီး ကျွန်တော့်အတွက် နောက်ဆုံးသောအကြိမ် ဖိတ်ကြားခြင်းခံခဲ့ရပြီး နောက်ပိုင်းအစိုးရများမှာ ကျွန်တော်သည် ဖိတ်စာစရင်းထဲပါပုံမရတော့ပါ။

ကျွန်တော့်အနေဖြင့် ၁၉၉၄ ခုနှစ်တွင် ကျင်းပသည့် အာဇာနည်နေ့အခန်းအနား တက်ရောက်နိုင်ရန်အတွက် ဗိုလ်ချုပ်ခင်ညွန့်၏လူများနှင့်ညှိနှိုင်းခဲ့ရပြီး ပြည်ဝင်ခွင့်ရရှိရန် သဘောတူညီချက် ရရှိခဲ့သည်။ အဆိုပါအချိန်တွင် ကျွန်တော်သည်အမေရိကန်နိုင်ငံတွင် အလုပ်လုပ်နေဆဲဖြစ်သဖြင့် ခွင့်ရက်များအားသုံးနှစ်စာစုပြီး ရက်သတ္တသုံးပတ်ခန့် မြန်မာနိုင်ငံသို့လာရောက် နိုင်ပါသည်။ ၂၀၀၅ ခုနှစ်ဇူလိုင်လ ကျွန်တော်အငြိမ်းစားယူပြီးနောက် မြန်မာပြည်တွင် ကြာကြာ နေလိုသောဆန္ဒဖြစ်ပေါ်လာခဲ့သည်။

၁၉၉၇ ခုနှစ် မြန်မာနိုင်ငံသို့လာရောက်စဥ် ပုဂံတွင် သဗ္ဗညုဘုရားအတွင်းရှိ ဗုဒ္ဓရုပ်တု တော်ရှေ့၌ ပုတီးဆိတ်နေစဥ် မြွေတစ်ကောင်သည် ကျွန်တော်ခြေထောက်အောက်သို့ တိုးဝင်ကာ ကျွန်တော်ပုတီးဆိတ်ပြီးသည့်အထိ ထိုမြွေကလေးကိုအမျှဝေပေးခဲ့ပြီးနောက်မှသာ ၎င်းသည် ကျွန်တော့်ခြေထောက်အောက်မှပြန်လှယ်ထွက်ခွာသွားခဲ့ပါသည်။ ဤအဖြစ်ပျက်မှာ ဗိုလ်ချုပ်ကြီးခင်ညွန့်မှ စေလွှတ်ပေးခဲ့သော လုံခြုံရေးအဖွဲ့မှ တပ်ကြပ်ကြီးငွေးအောင်နှင့် တပ်ကြပ်ကြီးငွေးမြင့်တို့ မျက်မြင်သက်သေဖြစ်သည်။ ကျွန်တော်သည်ပုဂံတွင် အိပ်မက်ထူးများမက်ဖြစ်ခဲ့သလို အမေရိကန်သို့ ပြန်ရောက်သွားသောအခါတွင်လည်း ဤပုဂံကိုပင်အိပ်မက်ပြန်မက်သည်။ ယင်းကြောင့် ပုဂံသည်မိမိကို ခေါ်ဆောင်နေပြီဟု ခံစားရသဖြင့်ပုဂံတွင် အိမ်တစ်လုံးဆောက်ရန် နေရာစတင် ရှာဖွေခဲ့သည်။

တောင်ဘီကျေးရွာ Road to Mandalay အမည်ရှိ ဧရာဝတီမြစ်တွင်းအပျော်စီး သင်္ဘောဆိပ်အနီး ဧရာဝတီမြစ်ကမ်းဘေးရှိ မည်သူမျှမလိုချင်သော ဒေသခံများအမှိုက်စွန့်ပစ်ရာ အမှိုက်ပုံ တစ်ခုကိုတွေ့ရှိခဲ့သည်။ အဆိုပါနေရာသည် ဆင်ခြေလျှောမြေများဖြစ်သဖြင့် မိုးသည်းထန်စွာ ရွာသောအခါတွင် ရေနုတ်မြောင်းသဖွယ်ဖြစ်သည်။ ရွာသူရွာသားများမြစ်သို့ဆင်းကာ သောက်သုံး ရေခပ်ခြင်း၊ အဝတ်လျှော် ရေချိုးခြင်၊ အိမ်မွေးတရိစ္ဆာန်များဖြစ်သော မြင်းနှင့်နွားတို့ကိုရေတိုက်ရာတွင် ထိုရေဆင်းမြောင်းကိုပင် လမ်းအဖြစ်အသုံးပြုခဲ့ကြသည်။ နွေရာသီရေကျချိန်တွင် ပေ(၆၀)ခန့်

နိုပ်ဆင်းသွားသည့် ကမ်းပါးဖြစ်ပြီး၊ မြေပုံအရ နှစ်မိုင်ခန့်ကျယ်သည့် မြစ်ကြောင်းသည် အရှေ့မှအနောက်သို့စီးဆင်းပြီး၊ တစ်ဘက်ကမ်းတွင်လည်း ခပ်နိမ့်နိမ့် တောင်စွယ် တောင်တန်းများ တွေ့မြင်ရသည်။

အဆိုပါနေရာကိုဝယ်ယူရန် ဆုံးဖြတ်ချက်ချပြီးနောက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တောင်းဆိုသောတန်ဖိုးထက်၊ ရွာသူရွာသားများလိုချင်သော ဓါက်အားပေးထရန်စဖော်မာ အပြင် ရွာအတွင်းမီးသွယ်ပေးရန် လမ်းမီးတိုင်ပေါင်းတစ်ရာခန့်နှင့်အိမ်တိုင်းစေ့ မီးကြိုးသွယ်ပေးမည်ဟု ကသိ ပေးလိုက်ပြီး (ထိုခေတ်အစိုးရနှင့်ပတ်သက်မှုမရှိပဲ) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ခွင့်ပြုချက်အမိန့်ဖြင့် လျှပ်စစ်မီးကို တောင်ဘီရွာအရောက် သွယ်တန်းပေးနိုင်ခဲခြင်း၊ လျှပ်စစ်မီးဖြင့်မြစ်ရေတင်ကာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ မှဦးဆောင်ပြီး နေအိမ်နှင့် အိမ်မွေးတရိစ္ဆာန်တို့လိုအပ်သော ရေကိုစီစဉ်ပေးဝေနိုင်ခဲ့ခြင်း၊ ညအချိန်တွင် ကလေးငယ်များ လျှပ်စစ်မီးဖြင့် စာကျက်နိုင်ခြင်း၊ ရွာလမ်းမှာလည်း ညအချိန်တွင်း မီးထင်ထင်လင်းလင်းရှိသောကြောင့် ရပ်ရွာလုံခြုံရေးပိုမိုကောင်းမွန်လာခြင်း၊ မြင်းများအတွက် ရေအလွယ်တကူအသုံးပြုလာနိုင်သဖြင့် မြင်းလှည်းလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်လာနိုင်ခြင်း၊ နှစ်အနည်းငယ် ကြာလာသောအခါ ကမ္ဘာလှည့် ခရီးသည်များ ပိုမိုဝင်ရောက်လာပြီး အထူးသဖြင့် တရုတ်ဧည့်သည်များကြောင့် မြင်းလှည်းလုပ်ငန်းသည် ရွာသားများအတွက် ဝင်ငွေကောင်းသောလုပ်ငန်းတစ်ရပ်ဖြစ်လာခဲ့သည်။ တစ်ချိန်တည်းမှာပြင် အပျက်သဘောဆောင်သော သက်ရောက်မှုများလည်ရောက်ရှိလာပြီး အိမ်ခြံမြေတန်ဖိုးများ မြင့်တက်လာခဲ့ပြီး ကံမကောင်းစွာဖြင့် ဆွေမျိုးသားချင်းများအကြား အမွေဆက်ခံခြင်းနှင့်ဆိုင်သော တရားစွဲဆိုမှုများလည်း ပိုမိုများပြားလာပြီး အချို့ကမူ ပိုင်ဆိုင်မှုကိုခွဲဝေရန်ဆန္ဒပြင်းပြခဲ့သည်။ ရွာထဲမှ ရိုးရှင်းသောလူနေမှုဘဝများသည် ယခင်ထက်တဖြေးဖြေးနည်းပါးလာခဲသည်။

လျှပ်စစ်မီးရရှိပြီးနောက်ပိုင်း တောင်ဘီရွာ၏တန်ဖိုးကိုလည်း မြင့်တင်ပေးခဲ့သည်။ ဒေသခံ ရွာသူ / ရွာသားများ၏ လူနေမှုအခြေအနေလည်းမြင့်တင်ပေးခဲ့သည်။ ထပ်ဆင့်တန်ဖိုးကို ဖြစ်ထွန်းစေသည့်အခါတိုင်း လူနေမှုဘဝ၏အရည်အသွေးသည်ကိုလည်း မြင့်တင်ပေးနိုင်ခဲ့သည်။

မြေကွက်ကို ကျွန်တော်ရရှိပြီးသောအခါ အမိုက်ပုံ၏တစ်စိတ်တစ်ပိုင်းကို ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမားမရှိပဲ ရွှေ့ပြောင်းဖယ်ရှားခဲ့ပြီး ကျန်ရှိနေသည်များကို စနစ်တကျ မီးရှို့ဖျက်ဆီးပစ်ခဲ့ခြင်း၊ ကုန်းစောင်းမြေနိမ့်နေရာများကို မြေကားများဖြင့်စနစ်တကျမြေဖို့ပြီး မြေကွက်ညှိနှိုင်းခြင်း၊ မြေကွက်၏အရှေ့ဘက်စွန်းတွင် ရွာသူရွာသားများ၊ နွားအုပ်များ၊ မြင်းများ ကောင်းမွန်စွာ ဆင်းသတ်သွားလာနိုင်ရန်အတွက် ခိုင်မာသောလမ်းတစ်လမ်း ဖောက်လုပ်ပေးခြင်း၊ အိမ်ဒီဇိုင်း၏ ၈၀ ရာခိုင်နှုန်းကို ကျွန်တော်ကိုယ်တိုင်ရေးဆွဲခဲ့ပြီး၊ အောက်ခြေဖောင်ဒေးရှင်း နှင့် အဆောက်အအုံ၏ အသေးစိတ်ဒီဇိုင်းကို ACE ဆောက်လုပ်ရေးကုမ္ပဏီက ရေးဆွဲပေးပြီး ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် လုပ်ငန်းစတင်ခဲ့သော်လည်း ကျွန်တော်အငြိမ်းစား ယူပြီးမှ မြန်မာနိုင်ငံပြန်လာပြီး ကိုယ်တိုင်ကြီးကြပ်နိုင်ရန်အတွက် လုပ်ငန်းကိုအချိန်ဆိုင်းခဲ့ရခြင်း၊ သုံးစွဲ ရမည့်ငွေကြေးမှာလည်း အကန့်အသတ်ဖြစ်သောကြောင့် လုပ်ငန်းကို တစ်ပိုင်းချင်းခွဲ၍ ဆောက် လုပ်ခြင်းဖြင့် အပိုင်း (၁) ပြီးစီးရေးအတွက် ဆောင်ရွက်ဆဲဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်၏ နေအိမ်အမည်ကို "**ပုဂံဦး**" ဟုအမည်ပေးခဲ့ပြီး အလွန်ပင် နေချင်စဖွယ်ကောင်းလှသည့် အိမ်တစ်လုံးဖြစ်ပါသည်။

---------------------------------------------------

၂၀၁၀ ခုနှစ်စက်တင်ဘာလ ကျွန်တော်ပုဂံသို့ပြန်ရောက်လာချိန်တွင် ထိုစဥ်ကဝန်ကြီးချုပ် ဦးသိန်းစိန်၏ ရုံးဝန်ထမ်းနှင့်ဆက်နွယ်မှုရှိသော ခရိုနီအမျိုးသမီးတစ်ဦးက ကျွန်တော့်ခြံ၏အရှေ့ ဘက်ကပ်လျက်ရှိ ရွာမြေနေရာများကိုရယူ၍ ဟိုတယ်တည်ဆောက်ရန် ကြိုးပမ်းကြံစီနေကြောင်း တိုင်ကြားမှုများကြားသိခဲ့ရသည်။ ပုဂံဒေသတွင် ဟိုတယ်ဇုံများတွင်းသာ ဟိုတယ်တည်ဆောက်ရန် သတ်မှတ်ထားသော်လည်း အဆိုပါအမျိုးသမီးတောင်းဆိုနေသည့် မြေများမှာ ဟိုတယ်ဇုံပြင်ပမှရွာမြေ ၄ ဧကနှင့် ယဥ်ကျေးမှုနယ်မြေအတွင်းပါဝင်နေသည့်မြေ ၄ ဧကတို့ဖြစ်ကြပြီး ( သူမကမူ အဆိုပါယဥ်ကျေးမှုနယ်မြေအတွင်းပါဝင်နေသည့် မြေ ၄ ဧကလည်း ရွာမြေဖြစ်သည် ဟု လိမ်လည်တင်ပြထားသည်)။ အဆိုပါ မြေနေရာ ၂ ခုလုံးမှာ နေရာကောင်း ဖြစ်ပြီး တစ်ခုမှာ အမြင့်ပိုင်းနေရာဖြစ်၍

ရောဝတီမြစ်၏ နေဝင်ဆည်းဆာကို ကြည့်ရှုနိုင်ပြီး၊ နောက်နေရာတစ်ခုမှာ မြေနိမ့်ပိုင်းတွင်ရှိသောကြောင့်ဆိပ်ကမ်းအဖြစ်အသုံးပြုနိုင်ပြီး အဆိုပါနေရာကနေ ရွှေစည်းခုံ ဘုရားကိုလည်း ကောင်းမွန်စွာဖူးမြင်နိုင်သည်။ သူမကဟိုတယ် အဝင်လမ်းနှင့် တောင်ဘက်ပိုင်းရှိ ကတ္တရာလမ်းမ ဆက်သွယ်သော လမ်းဖောက် လုပ်ရန်အတွက် ရွာထဲမှ အိမ်အချို့ကို ဖယ်ရှားဖို့ရန် အစီအစဥ်ရှိခဲ့သည်။

ကျွန်တော် ဆက်ရေးမည့်အကြောင်းအရာတို့မှာ စစ်မှန်သောဖြစ်ရပ်များပေါ်တွင် အခြေခံထားပြီး ကျေးရွာအုပ်ချုပ်ရေးမှ အဆင့်မြင့်ရာထူးပုဂ္ဂိုလ်များအထိ အကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ဝိုင်းဝန်းပူးပေါင်းကြံစည်ဆောင်ရွက်မှုတို့ကို စာရှုသူ အနေဖြင့် သိမြင်နိုင်ရန်အတွက် အတွေးမြင်နှင့်အသိပညာနိမ့်ပါးသူ၊ စိတ်ပိုင်း အရည်အချင်းနှင့်စာရိတ္တချို့ယွင်းသူ၊ တာဝန်ရှိ အပြစ်ရှိသူတို့ကို မထိခိုက်စေလို သဖြင့် အမည်နာမနှင့်တကွ မဖော်ပြလိုပါ။ အောက်ဖော်ပြပါ အကြောင်းအရာတို့ မှာ အရေးကြီးသောအချက်အလက်အများအပြားမပါဝင်ခဲ့သော်လည်း ဖြစ်ရပ်မှန် များကို ကွင်းကွင်းကွက်ကွက်ဖော်ပြထားပါသည်။

ကျွန်တော်ပုဂံပြန်ရောက်ပြီး တစ်လခန့်ကြာပြီးနောက် ဒေသခံတချို့သည်ရွာပိုင်မြေများကိုရွာမှ အုပ်ချုပ်ရေးကောင်စီဝင်များ၏ကူညီမှုဖြင့် အခြားလူများအားရောင်းထုတ်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ကျွန်တော်ထံလာရောက်ပြောပြခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေး စည်းမျဥ်းစည်းကမ်းထုံးတမ်းစဥ်လာအရ ရွာမြေကို ပြင်ပ ပုဂ္ဂိုလ်များထံသို့ရောင်းချခွင့်မပြု။ မြေသိမ်းဆည်းမှုနှင့်စပ်လျဥ်း၍ အထောက် အထား(လန-၃၉)သည် လယ်ယာမြေအခြားသုံးဆွဲခွင့် ဆိုင်ရာတွင် စိုက်ပျိုးရေးနှင့် ဆက်နွယ်သော အသေးစားလုပ်ငန်းကိုသာဆိုလိုပြီး ဟိုတယ်လုပ်ငန်းလုပ်ရန် မဟုတ်ပါ။ အဆိုပါ (လန-၃၉) ကို ကျွန်တော်ယူကြည့်ရာတွင် အစစ် အမှန်ဖြစ်ပြီး မန္တလေးတိုင်း(စစ်ဘက်)အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပေးထားကြောင်း၊ ထိုသို့ မြေ သိမ်းဆည်းရာတွင် ဒေသဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများဖြစ်သော ရဲဌာန၊ မီးသတ်ဌာန တို့၏သဘောတူညီချက် ကိုလည်း ရယူထားခြင်းမရှိပါ။ စာမျက်နှာ

(၂၀) ကျော်ရှိသင့်သော အစီရင်ခံစာမှာလည်း စာမျက်နှာ (၂) မျက်နှာသာ ရှိပြီး တရားဝင်အစီရင်ခံစာ မဖြစ်နိုင်ပေ။

ရွာမြေသိမ်းဆည်းခံရသောရွာသူရွာသားများကို ရွာ၏အခြားသောမြေနေရာသို့ ရွှေ့ပြောင်းနေရာချထားမည်ဖြစ်သဖြင့် သင့်လျော်သောလျော်ကြေးငွေပေးမည်ဖြစ်ကြောင်း ထိုအချက်ကို သဘောမတူပါက လျော်ကြေးမရဘဲရွှေ့ပြောင်းခံရမည်ဖြစ်ကြောင်း ကျွန်တော်ကိုအကြောင်း ကြားလာခဲ့သည်။အဆိုပါနေရာကို ရှင်းလင်းဖယ်ရှားမည်ဖြစ်သဖြင့် အိမ်ငှားနေသော မိသားစု (၃)စုမှာ အစားထိုးမြေနှင့် လျော်ကြေးရမည်မဟုတ်ကြောင်း၊ ၎င်းတို့ ကြုံတွေ့ရသောပြဿနာကို ကိုယ်တိုင်သာ ဖြေရှင်းရမည်။

ရွာ၏ လက်ရှိအခြေအနေနှင့်စပ်လျဥ်း၍ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို ဒေသဆိုင်ရာတပ်မှူးတစ်ဦးအား ကျွန်တော်မေးမြန်းကြည့်သောအခါ ရွာသူရွာသားများ၏တင်ပြချက်များသည် အမြင့်ဆုံးအားဖြင့် မန္တလေးတိုင်းစစ်ဌာနချုပ်၊ အုပ်ချုပ်ရေးရုံးသို့သာရောက်ရှိမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ (နိုင်ငံရေးဆက်နွယ်မှုလုံးဝမပါ) တိုက်ရိုက်တင်ပြမှသာ အကြောင်းထူးနိုင်သည်ဟု ထိုတပ်မှူးက ကျွန်တော်ကို ဖြေကြားပါသည်။ ထို့ကြောင့် မြေသိမ်းဆည်းခံ ရွာသူရွာသားများ အားလုံးကိုစုစည်းခေါ်ယူပြီး အကျိုးအကြောင်းရှင်းပြခဲ့ရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့စာရေးတင်ပြရန် သဘောတူညီမှုရရှိပြီး ရွာသူရွာသားများ၏ ထောက်ခံမှုလက်မှတ်များကို စတင်စုဆောင်းရပါသည်။ ကျွန်တော်တို့သည် ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့သည့် အာဏာရှင်စနစ်၏ နောက်ဆုံးသော နေ့ရက်များကို ကျော်လွန်ပြီးနောက် လာမည့်အတိုက် အခံရွေးကောက်ပွဲများ အပြီးတွင် ဒီမိုကရက်တစ်အမည်ခံအစိုးရအနေဖြင့် ဦးသိန်းစိန်သည် သမ္မတအဖြစ် (နိုင်ငံ ရေးနှင့်ဆက်နွယ်မှုလုံးဝမရှိ)ဦးဆောင်ဖွယ်ရှိသောအစိုးရကို ဦးတည်တိုင်ကြားခဲ့ ခြင်းဖြစ်သည်။ ၎င်း၏လူယုံတော်များ နှင့် ဆက်နွယ်နေသည့်ခရိုနီကြောင့် ယခုပြဿနာ ဖြစ်ပေါ်လာရခြင်းဖြစ်သည်မဟုတ်ပါလော? ရွာသားများအနေဖြင့် လည်းစိုးရိမ် ထိတ်လန့်မှုများ ရှိနေသောကြောင့် အရာရာ အားလုံးဆုံးရှုံး တော့မည့် မိသားစု (၃)စု မှလွဲ၍

လက်မှက် လာရောက်မထိုးရဲကြပေ။ နောက်ဆုံးမှာတော့ ကျွန်တော်လည်း အဆိုပါ လက်မှက် (၃)ခုနှင့်ပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တိုင်စာပေးပို့လိုက်လေတော့သည်။ ရွာသားများအတွက် ယခုလိုကိစ္စမျိုးပါဝင် ဆောင်ရွက်ပေးဖို့ ဆုံးဖြတ်ချက်ချမှတ်ရသည်မှာ ကျွန်တော့်အတွက်လည်း လွယ်ကူလှသည့် ကိစ္စမျိုးတော့မဟုတ်ပေ။ ကျွန်တော့်အနေဖြင့် ဗိုလ်ချုပ်ကြီး ခင်ညွန့်ပါဝင် ဦးစီးသောအစိုးရက ပေးအပ်ထားသော လုံခြုံရေး၊ မော်တော် ယာဥ်နှင့် လုံခြုံရေးအရာရှိနေအိမ်များ ၊ VIP အရေးကြီးပုဂ္ဂိုလ်အဖြစ် စောင့်ရှောက်မှု မှုဆုံးရှုံးသွားနိုင်ကြောင်း ဇနီးဖြစ်သူက သတိပေးခဲ့သည်။ ( နောက် အပိုင်းတွင် ယင်းကိစ္စနှင့်ပတ်သက်သော ကိစ္စကိုဆက်ပြောပြပါဦးမည်)

ရက်သတ္တပတ်အနည်းငယ်ကြာသောအခါ အစိုးရအရာရှိအချို့ရောက်ရှိလာပြီး ဟိုတယ်ဆောက်လုပ်ရန် လျာထားသောမြေဧရိယာကို လာရောက်စစ်ဆေးကြည့်ရှုကြပြီး၊ နောက်ထပ်ရက်အနည်းငယ်အကြာတွင် ၎င်းအရာရှိများကသူတို့ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စေလွှတ်၍ လာရောက်ခြင်းဖြစ်ပြီး ဟိုတယ်ဆောက်လုပ်ရန်ကိစ္စမှာ ဥပဒေနှင့်ညီညွတ်မှုမရှိဟူသော သူတို့၏ တွေ့ရှိသောအစီရင်ခံချက်များကို ကျွန်တော် ကြားသိရသည်။ ထို့နောက် ပိုင်ဆိုင်မှုတိုင်စိုက်ထားသော ဟိုတယ် ဆောက်ရန်အတွက် တရားမဝင်မြေများ၏ ခြစည်းရိုးများကို ဆွဲထုတ်ရန်အမိန့် ပေးသွားခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး၏လုပ်ရပ်သည် ချီးကျူးလေးစားဂုဏ်ယူဖွယ် ဖြစ်သည်။ သို့သော် ထိုကိစ္စမှာ ဇာတ်လမ်း(ပြဿနာ)၏ အစသာဖြစ်ပြီး ၎င်းနှင့်ဆက်လက်သောဖြစ်စဥ် အဆက်ဆက် ထပ်မှန်ပေါ်ပေါက်လာခဲ့သည်။ ဦးသိန်းစိန်သမ္မတဖြစ်လာသော (၂၀၁၁)ခုနှစ်၊ ဧပြီလနောက်ပိုင်း ဆက်လက် ဖြစ်ပေါ်သည့် ဇာတ်လမ်း (ပြဿနာ)ကို ဆက်လက်ပြောပြပါမည်။

နောက်ထပ်ဖြစ်စဥ်များကို ဆက်လက်မရေးသားမီ ဤကိစ္စရပ် ဘာတွေဆက်ဖြစ်လာနိုင် သလဲ ဆိုသောကိစ္စနှင့်ပါဝင်ကပြသော ဇာတ်ကောင်တို့၏ အကျင့်စာရိတ္တပိုင်း ဆိုင်ရာအား သုံးသပ်တင်ပြပါမည်။

ဇာတ်လမ်း(ပြဿနာ)၏ အဓိကဇာတ်ကောင်မှာ ခရိုနီအမျိုးသမီးဖြစ်သည်။ သူမသည် ပျက်ယွင်းသောအကျင့်စာရိတ္တနှင့်ယဥ်ကျေးမှု Cultural Disorders အခြေခံများရှိပြီး သူမ၏ ဖက်စပ်စီးပွားရေးလုပ်ငန်းရှင်မှာ နိုင်ငံခြားသားတစ်ဦးဖြစ်သည်။ အလွန်သွက်လက်ချက်ချာသော အမျိုးသမီးတစ်ဦးဖြစ်ပြီး မြန်မာ့ယဥ်ကျေးမှုဘောင်ကို ကျော်လွန်၍ ဘာသာစကားမျိုးစုံပြောဆို နိုင်စွမ်းရှိသည်။ ထိုအပြင် ရှမ်းပြည်နယ် အင်းလေးနှင့် ရခိုင်ပြည်နယ်ပင်လယ်ကမ်းခြေတွင် ဟိုတယ်နှင့်အပန်းဖြေစခန်း စီးပွားရေးလုပ်ငန်းရှိပြီး အစိုးရအရာရှိကြီးများ၊ ဗိုလ်ချုပ်ကြီးများနှင့် အစိုးရရုံးများမှ အရာရှိများသည် များသောအားဖြင့်သူနှင့်မသင့်တော်ပါ။ သူမသည်တစ်ဖက်သားကို စိတ်ပျက်အားလျော့စေသည့်ခြိမ်းခြောက်မှုပြုလုပ်ရန်အတွက် နတ်ဆရာများ၏အကူအညီများ ရယူအသုံးပြုလေ့ရှိသည်။ သူမ၏ဆန္ဒကို ဆန့်ကျင်နေသည့် ကျွန်ုပ်ကို ရွာဦးကျောင်းဆရာ တော်ထံမကောင်းဆိုးဝါးစကားဖြင့် ကျိန်ဆဲလျှောက်ထားပြီး မိမိသည် အကုသိုလ်အလုပ်များစွာကျူးလွန်နေပြီး ကောင်းမွန်မှုရှိမည် မဟုတ်ကြောင်း ကျေးရွာအသိုင်းအဝိုင်းမှ ဖယ်ကျဥ်ထားရန် သွယ်ဝိုက်သောနည်းဖြင့် ဆရာတော်မှတစ်ဆင့်ကျွန်တော့်ကိုဒုက္ခပေးခဲ့ကြသည်။ ငယောင် (ကိုယ်ကျင့်တရားမသိသောသူ)များသည် သူမ၏ဖျားယောင်းတွေးဆောင်မှု အောက်သို့ လျှင်မြန်စွာရောက်ရှိသွားပြီး၊ ငကြောင် (စဥ်းစားတွေးခေါ် ဉာဏ်မဲ့သူ) များသည်လည်း သူမနှင့်တွေ့လျှင် သူမကိုသဘောကျကြပေမည်။ သူမသည် အမျိုးသမီးရှေ့နေနှစ်ဦးဖြင့်သာ လှည့်လည်သွားလာ လေ့ရှိသည်။

၎င်းစီမံကိန်းကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေကပယ်ဖျက်လိုက်ခြင်းနှင့်ပက်သက်၍ ခရိုနီအမျိုးသမီးနှင့် ဆက်သွယ်ပက်သက်မှုရှိခဲ့သော ကျေးရွာကောင်စီဝင်များ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှဝန်ထမ်း( အဆိုပါ ဝန်ထမ်း၏တာဝန်မှာ မြေပိုင်ဆိုင်မှုအတွက် လိုအပ်သည့် စာရွက်စာတမ်းများကို အတုပြုလုပ်ပေးခြင်း) မြေဝယ်သူတာဝန်ခံ (၎င်း၏အတိုကောက် နာမည် မှာ WM )ဖြစ်သူတို့သည် ကြီးစွာသော စိုးရိမ်ပူပန်မှုဖြစ်လာပြီး ပြဿနာမပေါ်ပေါက်ရေးအတွက် ပုတီးဆိပ်ဆုတောင်းနေခြင်း

များကို တွေ့မြင်လာရသည်။ ဇာတ်လမ်း(ပြဿနာ)၏ အသေးစိတ်ကို ဒုတိယ အပိုင်းကို ဆက်လက်ဖော်ပြပါမည်။

ယင်းနောက်တွင် မျိုးကောင်းရိုးကောင်းမှဆင်းသက်ပြီး အကျင့်စာရိတ္တလည်း ကောင်းမွန်သည့် ဒေသအာဏာပိုင်တစ်ဦးသိရှိခဲ့သည်။ သူ့ရဲဘော်၊ သူ့မိသားစု၊ သူ့ခွေးလေးတွေကို ခရုတစိုက်စောင့်ရှောက်တက်သည်ဟု ကြားသိရသည်။ တိုင်းပြည်ရဲ့ကံကြမ္မာဟာ ပိုကောင်း လာမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ထို့အပြင် သူသည် တိုင်းပြည် နှင့်ပြည်သူတို့ကို အမှန်တကယ်ဝန်ဆောင်မှုပေးသော မြန်မာ့တပ်မတော်တွင် တာဝန်ထမ်းဆောင်ပြီး၊ အရက်ကင်းမဲ့စွာဖြင့် ကိုယ်ကျိုးစီးပွားအတွက် ချုပ်ကိုင် စီမံနေကြသည့် ဗိုလ်ချုပ်ကြီးများ ၏လွှမ်းမိုးမှု မခံခဲ့ရပါ။

ယခုဇာတ်လမ်း(ပြဿနာ)၏ဒုတိယအပိုင်းကို ဆက်လက်ဖော်ပြပါမည်။ ၂၀၁၀ ခုနှစ် ရွေးကောက် ပွဲတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နိုင်ငံရေးပါတီကအနိုင်ရရှိပြီး ဗိုလ်ချုပ်ကြီး သိန်းစိန် နိုင်ငံတော်သမ္မတဖြစ်လာသောအခါ ခရိုနီအမျိုးသမီး၏နောက်လိုက် နောက်ပါများသည် ပုဂံတွင်မြေကို သိမ်းရန်ထပ်မံကြိုးစားလာကြသည်။ ပုဂံတွင် ဟိုတယ်စီမံကိန်းကို ပျက်ပြားအောင်လုပ်သူများကို ဖော်ထုတ်ရန်၊ ရေးဟောင်း ယဥ်ကျေးမှုသုတေသနဦးစီးဌာနမှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ပုဂံသို့ ရောက်ရှိလာကာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့တွင်အပြစ်မရှိကြောင်းဟုကြေငြာပြီး ကျွန်တော်အပါ အဝင် ဟိုတယ်စီမံကိန်းကန့်ကွက်သူများအပေါ် အပြစ်ပုံချခဲ့သည်။ သို့သော် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကျွန်တော်တို့ကိုထိထိရောက်ရောက်မခြောက်လှန့် နိုင်သည့်အပြင် အပြစ်ဒဏ်ခတ် နိုင်ခြင်းလည်းမရှိသောကြောင့် နေပြည်တော်ရှိ တိုင်းပြည်ခေါင်းဆောင်အဆင့်ဖြစ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့၏ခေါင်းဆောင် ဖြစ်သူသည် ကြီးစွာသောအမြတ်ဒေါသထွက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဦးXX ဦးဆောင်သည့် ဒုတိယအဖွဲ့ကို ထပ်မံစေလွှတ်ပြန်သည်။ ၎င်းသည် မမျှတသည့်အပြစ်ပေးမှုများကို အထက်မှခိုင်းလျှင် လိုက်လန်ဆောင် ရွက်သူဖြစ်သည်။ ကျွန်တော်တို့ကို စုံစမ်းမေးမြန်းမှုများပြုလုပ်ခဲ့ပြီးနောက် ၎င်း၏ အဖွဲ့က ဖြေကြားချက်ပေါ်တွင် လက်မှတ်ရေးထိုးပေးရန် ပြောကာ၊ ကျွန်တော်

တို့က စာအချောကို စီစစ်ပြီးမှန်ကန်မှသာ လက်မှတ်ထိုးပေးနိုင်မည်ဟု တောင်းဆိုသောအခါ ဦးXXအတွက် ကျွန်တော်တို့ကိုချိန်းခြောက်ဖို့ လုံလောက်သောအချက်အလက်မရှိသဖြင့် ဤကိစ္စတစ်ခုလုံးသည် လျှင်မြန်စွာမေ့ဖျောက်လိုက် ရသည်။ လုပ်ငန်းရှင်ခရိုနီအမျိုးသမီးမှာ ဤမြေကိုမဖြစ်မနေတရားဝင်ပိုင်ဆိုင်ရန် ပုံသေကားချက်မဟုတ်ပဲ အကြောင်းမှာ ဤမြေထက် (၂) ဆကျယ်ဝန်းသော ဟိုတယ်ဇုံအတွင်းမှမြေကို သူမအား အလျော်အစား အစားထိုးဖြင့် သက်ဆိုင်ရာက အစားထိုးခွင့်ပြုပေးလိုက်ခြင်းကြောင့်ဖြစ်သည်။ ဦးXX ပုဂံသို့ လာရောက် ရသည့် အကြောင်းအရင်းမှာ အထက်ပါကိစ္စ တစ်ခုတည်းအတွက်တော့ မဟုတ်ချေ။

ဦးXX အတွက် ပုဂံလာရောက်ခြင်း၏ အဓိကအထူးတာဝန်မှာ ပုဂံကိုသမိုင်းအစဉ်အလာ အမွေအနှစ်နေရာအဖြစ်ထိန်းသိမ်းစောင့်ရှောက်သွားရန်မဟုတ်ပဲ ခရိုနီများ၊ ၎င်းတို့နှင့်ဆက်နွယ် သူများအတွက် ပုဂံတွင်ဟိုတယ်နှင့်တည်းခိုခန်းများ များနိုင် သလောက်များများဖွင့်လှစ်ရေး ဖြစ်ပါသည်။ ဤနည်းလမ်းသည် ၎င်းတို့အတွက် ငွေကြေးအကျိုးစီပွားကြီးကျယ်စွာ ရရှိစေသည့်အတွက် ဤလုပ်ငန်းများကို သမ္မတဦးသိန်းစိန်၏ ပထမသက်တမ်းအတွင်းအပြီးအကောင်အထည်ဖော်ဖို့ ရည်ရွယ်ပြီး ဒုတိယသက်တမ်းဆိုသည်မှာသေချာရေရာသည်မဟုတ်။ ၂၀၁၅ ခုနှစ် တွင် ဦးသိန်းစိန်ပြန်လည်အရွေးမခံရသောအခါ ဆောက်လက်စစီမံကိန်းများ (၄၅) ခုမှာ တစ်ပိုင်းတစ်စ နှင့်ရပ်တန့်သွားသည်။ ခရိုနီနှင့်အပေါင်းအပါများ၏ အကျိုး စီးပွားကာကွယ်စောင့်ရှောက်ရေးအတွက် အစိုးရအုပ်ချုပ်ရေးဗျူရိုကရေစီ ယန္တရား၏ အရှုပ်အထုပ်ဖြစ်ကြောင့် သေချာပါသည်။ ဦးသိန်းစိန်အစိုးရ လက် ထက်မှာ ဒီမိုကရက်တစ်အစိုးရနှင့်အညီ ပုဂံဒေသအတွက် လွှတ်တော်ကိုယ်စား လှယ် (၂) ဦး ရွေးချယ်ခြင်းခံခဲ့ရပြီး တစ်ဦးမှာတောင်ဘီရွာကိုယ်စား ပြုသော်လည်း ခရိုနီ၏အကျိုးစီးပွားအတွက် ဦးXX လုပ်ရှားသွားလာဆောင်ရွက်နေချိန်တွင် ရွာအတွက် ဘာတစ်ခုမှဆောင်ရွက်မပေးနိုင်ခြင်းမရှိပေ။ အဆိုပါ ကိုယ်စားလှယ် များမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်မရွေးတော့ပါ။ ယခုအစိုးရသက်တမ်းတွင်

ရွေးချယ်ခံရသော ကိုယ်စားလှယ်မှာလည်း အလားတူ အခြေအနေ တိုင်းပင် သုံးနှစ်ကျော်ခဲ့ပြီဖြစ်သည်။

ဤအဖြစ်အပျက်များမှ ကျွန်တော်ဘာသင်ခန်းစာရခဲ့ပါသနည်း? ၂၀၁၃ ခုနှစ်လက်တွေ့ အားဖြင့် ဦးသိန်းစိန်အစိုးရအနေနဲ့ယခင်အစိုးရက ကျွန်တော့်ကိုပေးအပ်ထားသော လုံခြုံရေး၊ မော်တော်ယာဥ်နှင့် လုံခြုံရေးအရာရှိနေအိမ်များ မပေးတော့သဖြင့် VIP အရေးကြီးပုဂ္ဂိုလ်အဖြစ် စောင့်ရှောက်မှုမှရုပ်သိမ်းလိုက်သည်။ ပုဂံရှိဟိုတယ်အဖြစ်အပျက် ကျွန်တော့်အတွက် ဖြစ်ကောင်းဖြစ်နိုင်သောဆုံးရှုံးမှုများ မဖြစ်ခဲ့သော်လည်း တိုက်ဆိုင်သည့်အချိန်ကြောင့် ယင်းသို့ဖြစ်ပုံရသည်။ တောင်ဘီရွာ အတွက် ကျွန်တော့်၏လုပ်ဆောင်မှုမှာ ကိုယ်ကြိုးစီးပွားမပါဘဲ တာဝန်သိသိဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်သည်။ တောင်ဘီရွာသည် ဦးXX ခရိုနီကိုယ်စားလှယ်၏ ဆောက်လုပ်ရေးစီမံကိန်းလက်မှ လွတ်ကင်းခဲ့သည့်တစ်ခုတည်းသောရွာ ဖြစ်ခဲ့သည်။ ပြောရုံပြောမနေပဲ သိစ္စာရှိရှိအလုပ်ကို လုပ်ဖြစ်အောင်လုပ်ရန် အရေးကြီး သည်။ ဤသို့ဖြင့်ပင် ယနေ့ထက်တိုင် ကျွန်တော် ရှင်သန်နေဆဲ ဖြစ်ပါသည်။

အဆိုပါဒုတိယ ဇာတ်လမ်း(ပြဿနာ)အပြီးတွင် တောင်ဘီရွာအုပ်ချုပ်ရေးအဖွဲ့ဝင်ဟောင်းများသည် သူတို့ကိုသူတို့ ဘုရားများထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဂေါပက အဖွဲ့ဝင်များ အဖြစ်တံဆိပ်တပ်လိုက်ကြပြီး ပိုက်စံဖေါဖေါသီသီရှိသော အလှူခံပုံးများ ထိန်းသိမ်းကြည်းကြပ် နေရသည်ကို ဘဝပျော်ရွှင်ကြည်နူးနေကြသည်။ ပုဂံသို့ ခရီးသွားအများအပြား ဝင်ရောက်လာခြင်းနှင့်အတူ အကြီးဆုံးသော ဓမ္မရုံကြီး စေတီတော်၏ဂေါပကအဖွဲ့ဝင်များကို ယခုတလောတွင် အလွန်တော်ကြောင်း သတင်းထွက်နေသည့် ၎င်းအဖွဲ့ဝင်များနှင့် ပြန်လည်အစားထိုးပေးကြမည်ဟုသော ကောလာဟလများထွက်ပေါ်လာသည်။ ၎င်းတို့အတွက် ပျော်ရွှင်ဖွယ်နေ့ရက်များ မကြာမီရောက်ရှိလာလိမ့်မည်ဟု မျှော်လင့်နေကြသည်။ ပထမပိုင်းတွင် ရွာမှ ဟိုတယ်တည်ဆောက်မှု ဆန့်ကျင်ရေးအဖွဲ့သည် တောင်ဘီရွာကောင်စီကို ထိန်းချုပ်နိုင်ခဲ့သော်လည်း (တတိယ ဇာတ်လမ်း(ပြဿာနာ)တွင်ဖက်ရှုနိုင်) ၊ သို့သော်

လည်း နှစ်အနည်းငယ်အကြာတွင် လက်လွှတ် လိုက်ရသည်။ စတုတ္ထ ဓာတ်လမ်း (ပြဿနာ)ကို ဤဆောင်းပါးတွင်ထပ်မံ မဖော်ပြ တော့ပါ။

၁၉၉၄ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး -၁ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံဒေသသို့ ခရီးသွားများလာရောက်အောင် စတင် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ၎င်း၏ဘာသာရေးကိုင်းရှိုင်းမှုများကလည်း ပုဂံကို အရေးပါသောမြို့တစ်မြို့အဖြစ် ပုံသွင်းရန်လှုံ့ဆော်ခဲ့သည်။ ဟိုတယ်အသစ်များ နှင့်တည်းခိုခန်းများဖြစ်သည့် အခြေခံအဆောက်အအုံများ စတင်ဖွင့်လှစ်လာကြပြီး ပက်ဝန်းကျင်အနေအထားသစ်က ပုဂံကိုနိုင်ငံခြားသားခရီးသွားလာရောက်လည် ပက်စေရန်အတွက် ကြီးစွာအထောက်အကူ ဖြစ်စေခဲ့သည်။ ဧည့်သည်များ စတင်ဝင်ရောက်လာခြင်းသည် ပုဂံဒေသ၏အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ် လာခဲ့ပြီး ပုဂံရှိရှေး ဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် ရန်အတွက် အစိုးရမှအဖွဲ့အစည်း တစ်ရပ်ဖွဲ့ပြီးတာဝန်ပေးခဲ့သည်။ ဤဖြစ်စဉ် သမိုင်းအကြောင်းကို အင်တာနက်များပေါ်တွင် လည်းရှာဖွေဖက်ရှုနိုင်ပါသည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်တာဝန်မှ အနားယူခဲ့ပြီး နောက်ပိုင်းတွင် ပုဂံမြို့သည် လစ်လျူရှုထားခြင်းခံရပြီး ဦးXX နှင့် ၎င်းတို့၏ အပေါင်းအဖော်များ ကဲ့သို့သော ယဉ်ကျေးမှုနှင့်စရိုက်လက္ခဏာပိုင်းဆိုင်ရာချို့ယွင်းချက် character disorders and cultural disorders ရှိသောလူ ပုဂ္ဂိုလ်များလက်ထဲမှ ကာကွယ်နိုင်ခြင်း မရှိ တော့ပေ။ ဦးXXသည် အထက်သို့ထိုးဖောက်နိုင်သဖြင့် ပြည်ထောင်စုဝန်ကြီး ရာထူးကိုရရှိခဲ့သည်။ ဤမျှဆိုလျှင် ထိုအချိန်တွင် နေပြည်တော်ရှိ အာဏာရှိ အစိုးရ၏ စိတ်ဓါက်ညံ့ဖင်းမှုအနေအထားများကို စာရှုသူအနေဖြင့် မှန်းဆသိမြင် နိုင်ပါလိမ့်မည်။

၂၀၁၉ ခုနှစ်ဇူလိုင်လတွင် ပုဂံရှေးဟောင်းမြို့တော်သည် UNESCO ၏ ကမ္ဘာ့အမွေအနှစ် စရင်းဝင် အဖြစ်သတ်မှတ်ခြင်းခံခဲ့ရသည်။ UNESCO ၏အစီစဉ်အရ အမွေအနှစ်မြေများ ပေါ်တွင် တရားမဝင်ဆောက်လုပ်ထားသော ဟိုတယ်နှင့်အဆောက်အအုံများ အားလုံးကို ၂၀၂၈ ခုနှစ်တွင် နောက်ဆုံးထား၍ ဖယ်ရှားပေးရမည်ဖြစ်သည်။ ၂၀၂၅

ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲ မှတ ဆင့် တက်ရောက်လာမည့် အစိုးရသည် အကျင့်ပျက်မသမာမှုများကို အားပေးအားမြှောက်ပြုသည့် ဗိုလ်ချုပ်နောက်လိုက် ခရိုနီများအားကောင်းစွာထိရောက်ကိုင်တွယ်နိုင်လိမ့်မည် ဟုမျှော် လင့်ရသည်။

-------------------------------------------------

၂၀၁၀ ခုနှစ်အကုန်ပိုင်း ပုဂံဦးခြံဆောက်လုပ်ရေးနေရာတွင် ဘန်ဂလိုငယ်လေးတစ်လုံးကို တည်ဆောက်ခဲ့ပြီး အဆိုပါနေရာတွင်ပင်ကျွန်တော်နေထိုင်ခဲ့သည်။ ကျွန်တော့် နေအိမ်၏ပက်ဝန်းကျင်တဝိုက် လှည့်ပတ်ကြည့်ရှုသောအခါ ခြံဝအနီးရှိတဲငယ်များမှ ကလေးငယ်များနှင့် စတင်ရင်းနီးသိကျွမ်းလာခဲ့သည်။ အဆိုပါကလေးငယ်များကို ကိတ်မုန့်များနှင့် သကြားလုံးများပေးကာ မိတ်ဖွဲ့ခဲ့ပြီး ကျွန်တော်နှင့်ခင်မင်သော ကလေးဦးရေနှင့်မိသားစုဦးရေမှာ တဖြည်းဖြည်း တိုးပွား လာခဲ့သည်။ ၎င်းတို့ထဲမှ အများစုမှာဆင်းရဲနွမ်းပါးသူများဖြစ်သဖြင့် အဆိုပါကလေးငယ်များ၏ ကျန်းမာရေးနှင့် ပညာရေးစရိတ်များကို ကျွန်တော်စတင်ထောက်ပံ့ ဖြည့်ဆည်းပေးခဲ့သည်။ တစ်ခါတစ်ရံ မိခင်များ၏ကျန်းမာရေးကိုလည်း အထူးဂရုစိုက်လေ့ရှိသည်။ ယခုကဲ့သို့ ကူညီခွင့်ရခဲ့သောကြောင့် ပုဂံရှိဒေသခံများမည်သို့ရပ်တည်ရှုန်းကန် ရှင်သန်ရသည်ကို လေ့လာခွင့်ရခဲ့သည်။ လွတ်လပ်ရေးရပြီးချိန်ကတည်းက ၁၉၉၀ ခုနှစ်အစောပိုင်းကာလအထိ ခေတ်အဆက်ဆက်အစိုးရသည် ပုဂံဒေသကို အနည်းအကျဉ်းမျှသာ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးရှိ ကျေးရွာများလည်း ထိုနည်းနှင့်သာ ဖြစ်ပါလိမ့်မည်။

ကျွန်တော်အနေဖြင့် ကလေးငယ်များနှင့်မိသားစုဝင်များကို လေ့လာကြည့်သောအခါ အောက်ပါအချက်များကို သိလာရသည်။ အဆိုပါ ကလေးငယ်များ၏ အသက် ၃ လဝန်းကျင်ခန့် အရွယ်ကာလမှာပင် ၎င်းတို့သည်သက်တူရွယ်တူတချို့ကလေးငယ်များထက် ပို၍ထက်ထက်မြက်မြက်ရှိကျကြောင်း သိသာလာခဲ့သည်။ သူငယ်တန်းမတိုင်မီအချိန်မှာပင် တစ်ဦးချင်းစီအလိုက် မည်သူကဦးဆောင်နိုင်သည်၊ မည်သူက နောက်လိုက်နောက်ပါဖြစ်သည်၊ မည်သူက ရှက်ကြောက်တတ်၍ မည်သူက ရဲရင့်သည် ဆိုသည်များကိုမှန်းစရလာနိုင်သည်။ ကျောင်းနေအရွယ်၌၊ ကျောင်းကိုမနှစ်သက်

သောသူများသည်အလွယ်တကူမြင်တွေ့နိုင်သည်။ အဆိုပါကလေးငယ်များ၏ တိုးတက်မှုအစီရင်ခံစာ(ရီပို့ကဒ်)၏ ၁၀ရာခိုင်နှုန်းအောက်သာ အမြဲတမ်းအဆင့်(A) ရသည်။ တစ်နှစ်တုန်းကဆိုလျှင် ကျွန်တော်ထောက်ပံ့နေသော အဆိုပါ ကလေးများထဲမှ အကြီးဆုံးနှစ်ဦးသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကျရှုံးပြီး တစ်ချိန်တည်းမှာပင်ကလေးငယ်သုံးဦးလည်း ကျောင်းထွက်ခဲ့သည်။ ကျန်ကလေးငယ်အချို့လည်း သူတို့လမ်းစဥ်ကိုလိုက်ကြဦးမည့် သဘောမျိုးရှိပြီး၊ သူတို့ထဲက တစ်ယောက်ကို ကျောင်းဆက်တက်ဖြစ်အောင်မိမိအနေဖြင့် ကြိုးပမ်းခဲ့ပြီး အဆင်ပြေလုနီးပါးဖြစ်ခဲ့သော်လည်း တကယ်တမ်းဖြစ်မလာခဲ့ချေ။ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းကို ဆန်းစစ်ကြည့်ရာအချက်(၃)ချက် တွေ့မြင်ရသည်။ ပထမတစ်ချက်သည် ပုဂံနှင့်အဓိကသက်ဆိုင်သော်လည်း အချက်များအားလုံးသည် တစ်ပြည်လုံးနှင့် သက်ဆိုင်သည့် ကိစ္စများ ဖြစ်သည်။

ပထမတစ်ချက်မှာ ဆင်းရဲနွမ်းပါးလှသည့် ကလေးငယ်များ၏မိဘများကိုယ်တိုင် ပညာရေးနိမ့်ပါးသောကြောင့် ယင်းအချက်ကပင် မိဘများအနေဖြင့်ကလေးငယ်များကို စာသင်ကျောင်းများတွင် ကျောင်းတက်ချင်သည်ဖြစ်စေ၊ မတက်ချင်သည်ဖြစ်စေ ကျောင်းဆက်မနေစေရန် အားပေးသလိုဖြစ်ခဲ့ရသည်။ ၎င်းတို့အနေဖြင့် ပညာသင်ယူဖို့ မလိုအပ်ပဲ အများသူငှာလိုပင် လမ်းဘေး/ဘုရားဘေးတွင် အလုပ်တစ်စုံတစ်ရာ ရှာကြံလုပ်ကိုင်၍ ရနိုင်သည်ဟူသောအတွေးမျိုး ကြောင့်ဖြစ်သည်။ ၎င်းတို့အနေဖြင့် သားသမီးများကို ကျောင်းပညာရေးအတွက်သာမက ဘဝတွင် မည်သို့ ကောင်းမွန်အောင်မြင်စွာကြီးပြင်းရမည်ဆိုသည်များကိုလည်း ပံ့ပြင်လမ်းညွှန်နိုင်သည့် အတွေးအခေါ်မျိုးနည်းပါးကြသည်။ ဆင်းရဲလှသည့် နေအိမ်များတစ်ဝိုက်တွင် ကလေးငယ်များကို မိမိကိုယ်ကိုကောင်းမွန်သောဘဝအစပြုနိုင်ရန်အတွက် ပံ့ပိုးပေးနိုင်သည့်ပတ်ဝန်းကျင်မျိုးလည်း မရှိချေ။ ကျေးရွာဓလေ့အရ ပညာရေးနှင့်သက်ဆိုင်သည့် ယဥ်ကျေးမှုချို့တဲ့မှုများကို တိုက်ဖျက်ရန် ကျောင်းတွင်း ကျောင်းပြင် တိုင်ပင်ဆွေးနွေးနိုင်သည့် အစီစဥ်များလည်း မရှိပေ။ အကယ်၍ ကျေးရွာကောင်စီသည် အခြားအရေးကြီးသည့် အစီအစဥ်များနှင့်အလုပ်ကိစ္စမများပါက

၎င်းတို့အနေဖြင့် ဆရာ/ဆရာမများနှင့်တွေ့ဆုံကာ ကျောင်းမတက်ချင်သော စိတ်ရှိကလေးများအတွက် တိုက်တွန်းလှုံ့ဆော်သောအစီအစဉ်များ၊ ပညာပေးအစီစဉ်များ ဖွင့်လှစ်ချမှတ်နိုင်ရန် တိုင်ပင်ဆွေးနွေးသင့်ပါသည်။ ပုဂံတွင် ကလေးငယ်များကို လွဲမှားစွာအာရုံဖမ်းစားနေသောအရာမှာ ဧည့်သည်များလာရောက်လည်ပတ်မှုပင်ဖြစ်သည်။ အဆိုပါကလေးငယ်များသည် ကမ္ဘာ့လှည့်ခရီးသည်များအနီးသို့လှည့်လည်ရစ်သီပြီး ပို့စကဒ်နှင့်ကလေးဆွဲပန်းချီများကို ရောင်းချရန်ကြိုးစားရာအချို့ခရီးသွားများကလည်း ကျပ်ထောင်ဂဏန်းများ မုန့်ဖိုးပေးခဲ့ကြသည်။ ကျောင်းဆင်းသည်နှင့် တပြိုင်နက် ထိုကလေးများသည် ပုဂံဒေသသို့လာရောက်သောဧည့်သည်များရှိရာသို့ အပြေးအလွှားသွားရောက်တတ်ပြီး အချို့မှာ ကျောင်းပင်ဆက်မတက် ဖြစ်ကြ တော့ပါ။

လွန်ခဲ့သော ၂ နှစ်ခန့်က “ရေးဆရာတော်”သည် ပုဂံမြို့လာရောက်ရင်း မိမိ၏နေအိမ်သို့ လမ်းကြုံကြွလာခဲ့သည်။ ရေးမြို့ရှိ ဆရာတော်၏ကျောင်းသို့ လွန်ခဲ့သောနှစ်များစွာက ကျွန်တော် ရောက်ရှိခဲ့ဖူးသည်။ ကျွန်တော်က စောင့်ရှောက်နေသော ကလေးများအကြောင်း ဆရာတော်ကို လျှောက်ထားခဲ့သည်။ ပုဂံမှပြန်မကြွမီ ဆရာတော်က ဝတ္ထုငွေအတော်များအား ကလေးများအတွက်လိုရာသုံးရန် ကျွန်တော်အားပံ့ပိုးခဲ့သည်။ ကျွန်တော်စောင့်ရှောက်ထားသော ကလေးငယ်များထဲမှ မိန်းကလေးငယ်တစ်ဦးက စက်ဘီးအလိုရှိကြောင်း ကျွန်တော့်ကို ပြောခဲ့ဖူးသည်ကို သတိရပြီး မိမိလက်ထဲရှိ ငွေကြေးတစ်ချို့ကို အသုံးပြုကာ မိသားစု (၄) စု အတွက် စက်ဘီးအသစ် ဝယ်ယူပေး ရန်ဆုံးဖြတ်လိုက်သည်။ စက်ဘီးအသစ်စက်စက်ကလေးကို ထိုကလေးမလေးအား ပေးလိုက်သောအခါ သူမ၏မျက်နှာတွင် သူမလောက်ပျော်ရွှင်သော အပြုံးလေးကို ကျွန်တော်မမြင် ဘူးခဲ့ပါ။ အခြားသောစက်ဘီးအသစ်(၁)စီးမှာ နောက်ထပ် မိသားစုတစ်ခုသို့ ပေးအပ်ခဲ့ရာ တစ်လအတွင်း ထိုစက်ဘီးမှာ စုတ်စုတ်ချာချာဖြစ်သွားပြီး ကျန်စက်ဘီးများမှာလည်း နှစ်မကုန်ခင်ပြန်ပြင်ရသည့်အဆင့်သို့ ရောက်သွားသည်။ နောက်ထပ်စက်ဘီးအသစ်တစ်စီးအား ကလေးငယ် တစ်ဦးကိုပေးလိုက်ရာ သူ့အကိုက ၂ လအတွင်း ပျက်အောင်

လုပ်လိုက်သည်။ ယခုလို စက်ဘီးကို ပျက်စီးအောင်လုပ်ခဲ့သူများမှာ မကြာသေးခင်က ကျောင်းမှထွက်ခဲ့သည့်ကလေးများပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် ပစ္စည်းကိုတန်ဖိုးထားရကောင်းမသိ ၊ မိမိကိုကိုယ် တန်ဖိုးထားရမှန်းမသိ၊ ကျောင်းတက်ခြင်းဖြင့်သာလျှင် ၎င်းတို့၏တန်ဖိုးကိုမြှင့်တင်ရာရောက်ပြီး တဖြည်းဖြည်းနှင့် တစ်နှစ်ထက်တစ်နှစ် ၎င်းတို့တစ်ဦးချင်း၏ တန်ဖိုးမြှင့်တင်ပေးနိုင်ခြင်းကို မသိကြပေ။ ရိုးသားသော ကျေးလက်လူနေမှုဘဝကို နောက်ထပ်အဆင့်မြှင့်တင်နိုင်ရန်အတွက် ပြည်သူ့ဘဝတိုးတက်ရေး အကြံပေးစင်တာများဖွင့်လှစ်ပြီး ရွာသူရွာသားများ၏ဘဝတန်ဖိုးများကို မြှင့်တင်နိုင်ရန်အတွက် ကောင်းမွန်သော အကြံအညံများနှင့် အသိပညာများပေးရန် လိုအပ်ပါသည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏လက်ရှိအသုံးပြုလျက်ရှိသော ဗြိတိသျှခေတ်မှ ကြွင်းကျန်လာခဲ့သော ပညာရေးစနစ်များကိုခေတ်နှင့်အညီ မည်သို့ပြုပြင်ရမည်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။ (ဗြိတိသျှခေတ် ပညာရေးစနစ်ဆိုသည်မှာ ဗြိတိသျှအင်ပါရာအတွက် အကောင်းဆုံး အကျိုးဆောင်ရွက်နိုင်ရန် စီမံထားခဲ့သော ပညာရေးစနစ်ဖြစ်သည်) မြန်မာနိုင်ငံ လက်ရှိအခြေအနေ၏ ပညာရေးမူဝါဒနှင့် သင်ရိုးညွှန်းတမ်းကို အမျိုးမျိုးသောခက်ခဲမှုကြောင့် ရာခိုင်နှုန်းပြည့်မဖြေရှင်းနိုင်သော်လည်း အကောင်းဆုံးဆောင်ရွက်သင့်သည်မှာ အခြားနိုင်ငံတို့၏ ပညာရေးစနစ်များအနက် မည်သည့်စနစ်သည် မြန်မာနိုင်ငံနှင့်အကိုက်ညီဆုံးဖြစ်သည်ကို အသင့်တော်ဆုံးရွေးထုတ်ကာ ပေါင်းစပ်ညှိနှိုင်းကျင့်သုံးပြီး ပညာရေးစနစ်သစ်ချသင့်သည်။ ဘာသာရပ်အမျိုးမျိုးတို့ကို မည်သို့မည်ပုံသင်ကြားရမည့် ကိစ္စရပ်လည်းရှိသေးသည်။ ပညာရေးမူဝါဒများ မည်မျှပင်ကောင်းမွန်နေစေကာမူ ညံ့ဖျင်းသည့်သင်ကြားပြသမှုများကြောင့်လည်း အဆင်မပြေနိုင်ကြောင်း မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရဖူးသည်။ ဥပမာပေးရမည်ဆိုလျှင် ကျွန်တော်ရန်ကုန်တွင် ပညာသင်ယူနေစဥ်က အင်္ဂလိပ်နှင့်မြန်မာစာ သင်ကြားပေးသည့် ဆရာများကို သိပ်အားမရပေ၊ ထိုနည်းတူပင် အင်္ဂလန် ရောက်ချိန်တွင် သင်္ချာဘာသာရပ်၌ သင်္ချာဉာဏ်ညံ့ဖင်းသောဆရာ နှင့်ကြုံခဲ့ဖူးစဥ် ၎င်းထံမှဘယ်လိုပညာသင်ယူရမည်ကို မေးခွန်း

များ ထုတ်စရာဖြစ်လာခဲ့ရသည်။ နောက်ထပ်ဥပမာတစ်ခုကတော့ ကျွန်တော် ပုံဆွဲအင်ဂျင်နီယာဘာသာရပ်အတန်း (Engineering Drawing) တက်ရောက်ချိန် ထိုဘာသာရပ်ကိုနားလည်သဘောပေါက်ရန် သင်ပုံသင်နည်း မမှန်သဖြင့် ကျောင်းသားတိုင်းအခက်အခဲကြုံတွေ့နေချိန်မှာ အားလုံးအတွက် ကံကောင်းထောက်မစွာ အဆိုပါအတန်း၏ တင်ကြားပြသမှုများကိုလေ့လာရန် နိုင်ငံခြားညှော်ပါမောက္ခ တစ်ဦးက ရောက်ရှိလာသဖြင့် ကထိကများ၏တင်ကြား ပြသမှုပြသနာသဘော ပေါက်ပြီးနောက် ယင်းဘာသာရပ်ကို သူကိုယ်တိုင် သင်ကြားပေးခွင့်ပေးရန် သောင်းဆိုပြီး သင်ကြားပို့ချပေးသဖြင့် ကျွန်တော်တို့ အားလုံး သေချာစွာ သင်ကြားခွင့်ရသည့်အပြင် မှန်ကန်သောသင်ကြားမှုစနစ်ကို လည်းခံစားခဲ့ရသည်။ ယခုခေတ်တွင် အသက်အရွယ်အလိုက် အကောင်းဆုံး သောသင်ကြားမှုဗီဒီယိုများ ရှိပြီး ရုပ်သံဖြင့် သင်ကြားပေးနိုင်သည့် သိပ္ပံဘာသာရပ် အမျိုးမျိုးနှင့် နိုင်ငံခြား ဘာသာရပ်များကို သင်ကြားပေးသော ဘာသာရပ် လေ့ကျင့်ခန်း (Language Lab) များလည်း ရှိပါသည်။ သင်ယူမှု အထောက် အကူပြုနိုင်ရန် မြန်မာ ကျောင်းသား/ ကျောင်းသူများအတွက် (Laptop Computer ) လက်တော့ပ်ကွန်ပျူတာများ ထားရှိသင့်ပါသည်။

---

မြန်မာနိုင်ငံတွင် (၁၀)တန်းအောင်ပြီးသူ သို့မဟုတ် ဘွဲ့ရပြီးသူများ၏အလုပ်လက်မဲ့ ရာခိုင် နှုန်းမှာ အတော်မြင့်မားလှသည်။ ပညာရေးအတွက် အသုံးပြုခဲ့ရသော ငွေကြေးနှင့် အချိန် ကာလ များသည် ကျောင်းသားများအတွက် မည်သည့်တန်ဖိုးတစ်စုံတစ်ရာ ထပ် ဆောင်းတိုးမြှင့်လာခြင်း မရှိသည့်သဘောဖြစ်နေသည်။ မြန်မာနိုင်ငံသား တို့သည် ပင်ကိုယ်ဉာဏ်ရည်မြင့်မားပြီး အလွယ်တကူပင်တင်ယူတက်မြောက် နိုင်စွမ်းရှိကြ သည့်အပြင် အလုပ်လုပ်ရန်အတွက်တွန့်ဆုတ်ကြသူ များမဟုတ်ချေ။ သန်းနှင့်ချီပြီး ပင်ကိုအရည်အသွေးကောင်းမွန်သော မြန်မာနိုင်ငံသားတို့သည် အိမ်နီးချင်းနိုင်ငံ များသို့ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နေကြပြီး ထိုနိုင်ငံများက ၎င်းတို့ကို ကောင်းစွာ အသုံးချနေကြသည်။အလားတူပင်မြောက်များစွာသော ပညာရှင်နှင့် ပညာတတ်

တို့သည်လည်း တိုးတက်သောနိုင်ငံများသို့ ရွှေ့ပြောင်းသွားပြီး သက်ဆိုင်ရာတိုင်းပြည်များတွင် ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများအဖြစ် အောင်မြင်နေကြသည်။ ၎င်းတို့ထဲက လူတော်များများမှာ မြန်မာ နိုင်ငံသို့ ပြန်လာကြခြင်း ရှိကြမည်မဟုတ်ကြပါ။ ကျွန်တော်တွေ့ကြုံခဲ့ရသမျှတွင် အလွန် အံ့ဖွယ်ကောင်းသောအချက်မှာ မိမိတို့ငယ်စဉ်ကာလတွင် ကျွန်တော်တို့အားလုံးသည် မြန်မာနိုင်ငံသားများဖြစ်ရသည်ကို အမြဲတစေအလွန်ပင် ဂုဏ်ယူခဲ့ကြ ရသည်။

**မြန်မာနိုင်ငံမ၏နိုင်ငံရေးလောကမှ အပြီးပျောက်သွားသင့်သည့်သူများသည် မြန်မာနိုင်ငံနှင့်မသင့်လျော်သော နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြသည်။** ၎င်းတို့၏နိုင်ငံရေးဩဇာလွှမ်းမိုးထားသူများအားလုံးကို မြန်မြန်ဖယ်ထုတ်နိုင်မှသာလျှင် တိုင်းပြည်ပိုမို တိုးတက်ကောင်းမွန်လာ လိမ့်မည်။ ထိုတို့သော နိုင်ငံရေးခေါင်းဆောင်များကလည်း ၎င်းတို့၏အာဏာနှင့်လုပ်ပိုင်ခွင့်တို့ကို အလွယ်တကူစွန့်လွှတ်ကြမည် မဟုတ်ပေ။ ၎င်းတို့၏ရည်ရွယ်ချက်များမှာ မြောက်များလှစွာ သော ငပိန်းများ (လှည့်ဖျားရလွယ်သူများ)၊ ငတုံးများ (ထူတူတူအတတများ) ၊ ငကြောင်များ နှင့် ငယောင်များကို အသုံးချ၍ နည်းမျိုးစုံဖြင့် တိုင်းပြည်ကို ရှုပ်ထွေးအောင်လုပ်ခြင်း၊ နိုင်ငံရေးလှည့်ကွက်များဖြင့် တိုင်းပြည်ကိုမငြိမ်မသက်ဖြစ်စေခြင်းပြုလုပ်ပြီး အမျှော်အမြင်နှင့် ဉာဏ်ရည်ဉာဏ်သွေးနည်းပါးသောအစိုးရသည်လည်း မလိုအပ်သောနိုင်ငံရေးလှည့်ကွက်များကို ဖယ်ရှားရန် မစွမ်းဆောင်နိုင်သည့်အပြင် အစိုးရသစ်မှ တင်မြှောက်ထားသောထိပ်ပိုင်းခေါင်းဆောင်အချို့သည်လည်း ငကြောင်၊ ငယောင်များ၏ ဖျားယောင်းသွေးဆောင်မှုနောက်လိုက်ပါသွားပြီး စိတ်ဓါက်နိမ့်ကျ နေသူတို့ကို ထိထိရောက်ရောက် အရေးမယူနိုင်ချေ။

၎င်းတို့ကဲ့သို့သော **ကိုယ်ရည်ကိုယ်သွေးမှုမမှန်သော** (Personality Disorders) သူများသည် သိသာထင်ရှားလှသည့်ရုပ်ပိုင်ဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာပြဿနာများ ရှိတက်ကြသည်။ ၎င်းတို့အတွက် သင့်လျော်သောဆေးဝါးနှင့် ဆရာဝန်များ၏ ကုသမှုများ ခံယူရန်လိုအပ်ပါသည်။ ၎င်းတို့သည် ပညာရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော် လည်းကောင်း ကြီးကြီးမားမား အောင်မြင်မှု မရှိခဲ့ချေ။ **မှန်းစ**

**လို့မလွယ်သောစိတ်မမှန်ရောဂါ** (Borderline Personality Disorders) စွဲနေသူများကို စစ်ဆေးသိရှိနိုင်ရန် မလွယ်ကူလှပါ။ ၎င်းတို့သည် **လိမ်ညာ၊ ကောက်ကျစ်၊လှည့်ဖျား** (Lie, Cheat and Deceive (LCD)) တတ်သည့်နေရာတွင် အထူးဝါသနာရှိလှသည့် အကျင့်စရိုက်မကောင်းသူများဖြစ်ကြသည်။ ၎င်းတို့ထဲက အချို့သည် ၎င်းတို့၏စစ်မှန်သောစရိုက်ကိုဖုံးကွယ်ရန်နှင့် ၎င်းတို့၏အရင်းနှီးဆုံး သူများကိုထိန်းချုပ်နိုင်ရန် ဘာသာတရားနောက်ကွယ်တွင်ပုန်းရှောင်နေကြသည်။ ၎င်းတို့သည် တာဝန်ယူစိတ်လည်း မရှိကြသောကြောင့် ရေရှည်တွင် ၎င်းတို့နှင့် နီးကပ်စွာဆက်နွယ်သူများသည် ပြင်းထန်စွာဒဏ်ရာရကြလိမ့်မည် (စိတ်ပညာရှင် နှင့် စာရေးဆရာ M. Scott Peck MD က ဤအတိုင်း ရေးသားဖော်ပြ ထားပြီး အင်တာနတ်တွင်ရှာဖွေဖတ်ရှုနိုင်ပါသည်) ။ လိမ်ညာ၊ကောက်ကျစ်၊လှည့်ဖျား (Lie, Cheat and Deceive (LCD)) သည် လူတော်တစ်ယောက်ဖြစ်နိုင်ပေမဲ့လည်း ၎င်းသည် ကိုယ်ကျင့် တရားမရှိသောသူတစ်ဦးသာဖြစ်သည်။ အကျင်စာရိတ္တချို့ယွင်းသူတစ်ဦးသည် လူ့အတိုင်းအဝိုင်း တစ်ခုတွင် အောင်မြင်လာသောအခါ ၎င်း၏မိသားစုမှလွဲ၍ အခြားသူများကို သိသိသာသာ ဒုက္ခပေးတက်ကြသည်။ အချို့မှာ၎င်းတို့၏ စိတ်ဓါက်အားနည်းချက်များ ဖုံးကွယ်ကာ အဖွဲ့အစည်းနှင့် ရပ်ရွာခေါင်းဆောင်များ ဖြစ်လာနိုင်ခဲ့သည်။

လွန်ခဲ့သောနှစ်(၅၀)နှင့်နှိုင်းယှဥ်ပါက ယခုခေတ်လူ့အဖွဲ့အစည်းများ၏ယဥ်ကျေးမှုများသည် အလွန်လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတတ်ပြောင်းလဲမှုဖြစ်ပေါ်လျှက်ရှိကြသည်။ လူအများအနေဖြင့် သိပ္ပံနှင့်နည်းပညာ တိုးတက်မှုအကြောင်းကိုသာ အဓိကတွေးခေါ်စဥ်းစားနေကြသည်။ **တကယ်တမ်းအားဖြင့် ယဥ်ကျေးမှုပြောင်းလဲမှုများ၏ အဓိကသော့ချက်မှာ စိတ်ဓါတ်ရေးရာနှင့်လူ့အခွင့်အရေးဆိုင်ရာ တရားမျှသမှုရှုဒေါင့်အမြင်ပင်ဖြစ်သည်။** ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းများ တွင်ပင် အမျိုးသမီးများအပေါ် ခွဲခြားအနိုင်ကျင့်ဆက်ဆံမှုဆိုင်ရာကိစ္စတို့ ရှိနေပါသေးသည်။ ယင်းကိစ္စများသည် ကိုယ်ကျင့်တရားနှင့်သာသက်ဆိုင်ပြီး ကိုးကွယ်ယုံကြည်မှုနှင့်မသက်ဆိုင်ပါ။ **ကိုယ်ကျင့်တရားသည် များသောအားဖြင့် ယဥ်ကျေးမှုနှင့်ပိုမိုသက်ဆိုင်ပြီး**

**ဘာသာရေး ရှုထောင့် အမြင်များတွင်လည်း မကြာခဏပါ ဝင်လေ့ရှိသည်။** "Spirituality is timeless, above religions, and is what is truly good for humanity and planet Earth". ထောင်ပေါင်းများစွာသော အသက်များစတေးခဲ့ရသည့် (ဟိန္ဒူနှင့်မူစလင်များကဲ့သို့သော) ဘာသာရေးစစ်ပွဲများ သမိုင်း တစ်လျှောက်တွင် ရှိခဲ့ကြသည်။ ကျွန်တော်သည် လွန်ခဲ့သည့် နှစ်(၂၀)ခန့်က စာမျက်နှာ ၂၅၀ ခန့် ရှိသော **"တိုးတက်၍ လူသားဆန်သော လူ့အဖွဲ့စည်းနှင့် လက်တွေ့ကျသော ကိုးကွယ်ယုံကြည် မှု"** (Pragmatic Spirituality for a Progressive and Humane Society) ဆိုသည့် စာအုပ်တစ်အုပ် ရေးခဲ့ဖူးသည်။ အဆိုပါစာအုပ်သည် တိုးတက်သည့်ဆင့်ကဲဖြစ်စဥ်အတွက် နိုင်ငံရေးဆိုင်ရာ ယဥ်ကျေးမှု ပြဌာန်းချက်ကို တတိယအဆင့်နိုင်ငံ(third world)များ၏ဖွံ့ဖြိုးတိုးတက်မှုများ ပူးပေါင်းတည် ဆောက်ရာတွင် တစ်ဖက်တစ်လမ်းပါဝင်ကူညီနိုင်မည်ဖြစ်သည်။ အဆိုပါ စာအုပ်မှ ကောက် နှုတ်ချက်များကို ဆောင်းပါး၏တတိယပိုင်း **"နိုင်ငံသားများ၏အခွင့် အရေး ပြန်လည်ပေးအပ်ခြင်း"** (Enfranchising the Nation of Myanmar) တွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ **ယဥ်ကျေးမှုနှင့်အကျင့်စာရိတ္တပျက်ပြားမှု**(Culture Disorders)ကို ရိုက်ခတ်သော အချက်များထဲတွင် နိုင်ငံရေးနှင့်အရပ်ဘက်လူ့အခွင့်အရေးသည် အဓိကပင်ဖြစ် သည်။ မြန်မာဘုရင်များ အုပ်ချုပ်စဥ်ကာလကပင် ပြည်သူလူထုတွင် နိုင်ငံရေးဆိုင် ရာတောင်းဆိုပိုင်ခွင့် လုံးဝမရှိမှုနှင့် အရပ်ဘက်ဆိုင်ရာလူ့အခွင့်အရေးများမှာ လည်း အနည်းငယ်သာရှိသည်။ ဗြိတိသျှအုပ်ချုပ်ရေးလက်အောက်သို့ ရောက်ရှိ ချိန်ကာလတွင် ပြည်သူလူထုအတွက် အခွင့်အရေးများပေးအပ်သော ဥပဒေ ရေးရာစနစ်တစ်ခုရှိခဲ့သော်လည်း အဆိုပါအခွင့်အရေးများမှာ အုပ်ချုပ်သူ ဗြိတိသျှ တို့ကစီစစ်ရွေးချယ်ပြီး ခွင့်ပြုခဲ့သောအခွင့်အရေးမျိုးသာဖြစ်သည်။ သူ့အချိန် သူ့အခါတွင် ထိုဥပဒေရေးရာစနစ်သည် အရပ်ဘက်တရားမျှသမှုနှင့်စပ်လျဥ်း၍ မြင့်မားသော အဆင့်အတန်း တစ်ရပ်ရှိခဲ့ပေသည်။ ၁၉၆၂ ခုနှစ်တွင် အာဏာရှင် စနစ်စတင်ခဲ့သည်။ ၎င်းစနစ်ကို အများ ပြည်သူများက ဆန့်ကျင်ခဲ့သောကြောင့်

ထောင်ပေါင်းများစွာသောဗမာလူထု အကျင်းချခံခဲ့ရသည်။ အဆိုပါ အာဏာရှင်စနစ်မှာ ၂၀၁၁ ခုနှစ် ဒီမိုကရေစီအမည်ခံအစိုးရဖြင့် (တပ်မတော် အရာရှိဟောင်းဖြစ်သူ)ဦးသိန်းစိန်တစ်ယောက်သမ္မတဖြစ်လာချိန်အထိသက်ဆိုးရှည်ခဲ့သည်။ ၎င်းတို့၏ ရည်ရွယ်ချက်တစ်ခုမှာ ယခင်ခေတ်အဆက်ဆက်က ဗိုလ်ချုပ်ကြီးများနှင့် တရားသူကြီးများ ကျူးလွန်ခဲ့သည့်တရားမဝင်လုပ်ရပ်များကို (ယဉ်ကျေးမှုစံချိန်စံညွှန်းများအရ)အရေးယူခြင်းမှ ကာကွယ်ရန်ဖြစ်သည်။ သမ္မတဦးသိန်းစိန်အစိုးရက (ဦးXXနှင့်၎င်းထက်ပိုဆိုးသူများ) ကျူးလွန်ခဲ့သော မည်သည့်တရားမဝင်လုပ်ရပ်များမဆို (မှန်ကန်သောအရေးယူခြင်းမရှိပဲ) နောက်အစိုးရများမှ အရေးမယူ၍ ကာကွယ်ပေးကြသည်။ လက်ရှိအစိုးရက ကျူးလွန်ခဲ့သောတရားမဝင်လုပ်ရပ်များကို ကာကွယ်ပေးရန် တစ်ခုတည်းသောနည်းလမ်းမှာ ရသောနည်းဖြင့် မိမိကိုယ်ကို ပြန်လည်ရွေးကောက်တင်မြှောက်ပြီး အကျင့်ပျက်တရားသူကြီးများ၏ အကူညီဖြင့် ၅ နှစ်တာ ကာလအတွင်း ကိုယ့်ကိုယ်ကိုကာကွယ်ခြင်းဖြစ်သည်။ ရှေးဗမာ ဘုရင်များ၏လက်ထပ်တွင်ပင် ဤသို့သော တရားမျှတမှုနှင့် ဆက်နွယ်နေသော **ယဉ်ကျေးမှုနှင့်အကျင့်စာရိတ္တပျက်ပြာမှု** (Culture Disorders) များနှင့်သက်ဆိုင်သော အတွေးအခေါ်များတွေ့ရှိနိုင်သည်။ လက်ရှိ ပြည်သူလူထုများအနေဖြင့် ယဉ်ကျေးမှုနှင့်အကျင့်စာရိတ္တပျက်ပြာမှုများကို ဖြစ်ပေါ်စေသည့် မည်သည့်နိုင်ငံရေး ဦးဆောင်မှုများမဆို တွန်းလှန်လိုသောသောစိတ်ကို လျင်မြန်စွာမွေးထုတ်ရန် လိုအပ်ပါသည်။ အဆိုပါ **ယဉ်ကျေးမှုနှင့်အကျင့်စာရိတ္တပျက်ပြာမှု** (Culture Disorders) သည် လူမှုအတိုင်းအဝိုင်းနယ်ပယ်တွင်ဖြစ်စေ၊ မိသားစုထဲတွင်ဖြစ်စေရှိကြသည်။ (ဥပမာအားဖြင့် အသံချဲစက် ၂၄ နာရီ ကျယ်လောင်စွာဖွင့်ခြင်းဖြင့် ဆူညံမှုများဖြစ်စေခြင်း)

**ဒီမိုကရေစီအမည်ခံထားသော အစိုးရအုပ်ချုပ်မှုပုံစံသည် အကူးအပြောင်းကာလတွင် ခေတ္တခဏသာဖြစ်သင့်ပြီး ဖွဲ့စည်းပုံဥပဒေရှိနေစေကာမူ ပိုမိုပြည့်စုံသောဒီမိုကရေစီပုံစံသို့ လျှင်မြန်စွာရွှေ့လျားရာတွင် ဟန့်တားမှုမရှိစေရန်အတွက် အမြင့်ဆုံးသောစံချိန်စံညွှန်းရှိသင့် လှသည်။** တရားဥပဒေရေးရာနှင့်ပတ်သက်၍ စီရင်ဆုံးဖျက်သူတိုက

အလွန်ဖြောင့်မတ်စွာ လေ့ကျင့်ဆောက်ရွက်နိုင်ရေးအတွက် ဤစာစု သို့မဟုတ် အလားတူဆောင်းပါးမျိုးက ဆောင် ကြဥ္ဇးပေးရမည်ဖြစ်သည်။ အထူးသဖြင့် သမာသမတ်မကျသောတရားသူကြီးများ အပါအဝင် ဥပဒေမဲ့လှသည့် သူများ၊ မိမိကိုယ်ကို ဥပဒေ၏အထက်တွင်ရှိသည်ဟု ယူမှတ်သူများအတွက် အပြစ်ဒဏ်ပေးခံရလိမ့်မည်ဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းမျိုးပပျောက်မှသာ ၎င်းတို့ဖန်တီးခဲ့သော **ယဥ်ကျေးမှုနှင့်အကျင့်စာရိတ္တပျက်ပြားမှု** (Culture Disorders)ကို ပျောက်ကွယ် သွားမည် ဖြစ်သည်။

နောက်ထပ် **ယဥ်ကျေးမှုနှင့်အကျင့်စာရိတ္တပျက်ပြားမှု** (Culture Disorders)ရောဂါတစ်ခုမှာ **"ငါနိုင်ရင် မင်းရှုံးရမယ်"** "(I) WIN-(You) LOSE" ဆိုသည့် သဘောထား ဖြစ်သည်။ ယင်းမှာ အနိုင်ရရှိသူအတွက်ကတော့ အလွန်ပင်ကျေနပ်စရာ ဖြစ်ကောင်းဖြစ်လိမ့်မည်။ အနိုင်ရရှိသူအတွက် ရာခိုင်နှုန်းပြည့်ရလိုက်သော်လည်း ကျန်သူများအတွက်မှာ သုညသက်သက်သာဖြစ် သည်။ဤကဲ့သို့သော သဘောထားမျိုးအကြောင်းကို ကျွန်တော်တို့၏မြန်မာဘာသာစကား သင်တန်း၌ ဘဝဖြစ်ရပ်မှန်အဖြစ်မှားယွင်းစွာ သင်ကြားခဲ့သည်။ အမတ်ကြီးအနန္တသူရိယ၏ အမျက်ဖြေလင်္ကာပါ ဆိုလိုချက်များကိုအလွတ်ကျက်မှတ်၍ မှားယွင်းစွာသင်ယူခဲ့ကြရသည်။ လက်တွေ့ကမ္ဘာ့လောကတွင် အနိုင်-အရှုံးရွေးချယ်မှုသည် အပျက်သဘောဆောင်သော လှည့်စားမှုတစ်ရပ်ဖြစ်ပြီး ရေရှည်အတွက် မှန်ကန်သည့်ရွေးချယ်မှုမျိုးမဟုတ်ချေ။ အဆိုပါသဘောထား၏ နောက်ဆက်တွဲမှာ အမှန်တကယ်အနိုင်ရသူမဟုတ်ကြောင်း၊ ၎င်းနှင့်ပါဝင်ပတ်သက်သူအားလုံး သည်ရှုံးနိမ့်မှုများသာရပြီး မည်သူမျှမနိုင်ပဲ နှစ်ဘက်စလုံးအရှုံးသာရင်ဆိုင်ရပြီး LOSE-LOSE Situation သာဖြစ်ပါသည်။

**နှစ်ဦးနှစ်ဖက်အနိုင်ရရှိမှု** (WIN-WIN)ကို စဥ်းစားတွေးခေါ် ဆောင်ရွက်ခြင်းသည် ပူးပေါင်းဆောင်ရွက်ခြင်း၏ စွမ်းအားပင်ဖြစ်သည်။ ဤစွမ်းအားမဲ့အဖွဲ့အစည်း၏ အတိုင်းအတာနှင့်အရွယ်အစားသည် အလွန်ပင်အကန့်အသက်ရှိပြီး ဤစွမ်းအားမျိုးရှိသော အဖွဲ့အစည်းနှင့်ယှဥ်ပြိုင်လို့မရနိုင်ပါ။ သမိုင်းတလျှောက်တွင် ပျောက်ကွယ်ကုန်သော ယဥ်ကျေးမှုများရှိသကဲ့သို့ အချင်းချင်းနှင့် အိမ်နီးချင်းမျိုးနွယ်စုများအ

ကြား အေးချမ်းစွာနေထိုင်ဆက်ဆံနိုင်စွမ်းမရှိခြင်းကြောင့် နိမ့်ပါးပျောက်ကွယ်သွားသော ယဉ်ကျေးမှုများလည်း ရှိခဲ့ပါသည်။ ကျွန်တော်တို့ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ပိုမိုရင့်ကျက်ထက်မြက်လာကြဖို့ မျှော်လင့်ထားပါသည်။ အသိပညာနှင့် အတွေ့အကြုံများလာသည်နှင့်အမျှ စိန်ခေါ်မှုရှိသောစီမံကိန်းများသာမက လူပေါင်းမျိုးစုံနှင့်အတူ လက်တွဲလုပ်ကိုင်နိုင်စေမည့် မှန်ကန်သောဖြေရှင်းနည်းများရှာဖွေရာတွင် ပိုမိုကောင်းမွန်လာကြ မည်ဖြစ်သည်။ ကွဲပြားခြားနားသော ဖြစ်ရပ်မှန်များကို နားလည်သဘောပေါက်လာသည်နှင့်အမျှ ကျွန်တော်တို့၏ လိုက်လျောညီထွေမှုများလည်းတိုးတက်လာပြီး လက်တွေ့မကျပဲ အပိုသက်သက် ဖြစ်နေသော အလုပ်များကိုရှောင်ရှားပြီး မှန်ကန်သောအခွင့်အရေးများသို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများဖြစ်လာစေရန် နည်းလမ်းများရှာဖွေ တွေ့ရှိနိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာ **တန်ဖိုးမြင့်တင်ခြင်းလုပ်ငန်း** (Value added work) နှင့် အကျိုးမဲ့ အလုပ်များအကြား တွင်ခွဲခြားသိမြင်ပြီး သတိမူ လုပ်ကိုင်ရန်ပင်ဖြစ်သည်။ **နှစ်ဦးနှစ်ဖက်အကျိုးရှိရေး** WIN-WIN အတွေးအခေါ် စိတ်နေသဘောထားသည် တန်ဖိုးမြင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင်လည်း ပိုမိုကြီးမားကောင်းမွန်သော **အကျိုးရလဒ်** “Pies” များထွက်ပေါ် စေနိုင်သည်။ အကျိုးရလဒ်များ ခွဲဝေရာတွင်လည်း မျှသလွယ်ကူစေသည်။

ရပ်ရွာနှင့်မိသားစုအဆင့်တွင်လည်း **ယဉ်ကျေးမှုနှင့်အကျင့်စာရိတ္တပျက်ပြားမှု** (Culture Disorders) များရှိကြသည်။ ၎င်းသည် လူမျိုးစုများ၏ လုပ်ငန်းဆောင်တာများဖြစ်နိုင်သော်လည်း ဤနေရာတွင်မဆွေးနွေးတော့ပါ။ သို့သော် အပိုင်း ၃ တွင်ဖော်ပြမည့် “**Think Tank”** အုပ်စုအတွက် စိတ်ဝင်စားဖွယ်အကြောင်းအရာများ ဖြစ်ပါလိမ့်သည်။

လူတစ်ယောက်သည် မိမိဘယ်သူဘယ်ဝါဆိုသည်ကို သိရှိပြီးလျှင် ၎င်း၏လက်ရှိ ဖြစ်ရပ်မှန်နှင့် ကမ္ဘာတစ်ဝန်းဖြစ်ရပ်မှန်များကို အပြည့်အဝနားလည်လာပြီး၊ ၎င်းသည် မိမိကိုယ်ကိုနှင့်၎င်း၏ အတိုင်းအဝိုင်းတိုးတက်စေရန်အတွက် ကြိုးစားအားထုတ်မှုများ ပြုခဲ့သည့် အခါ ပုံမှန်အားဖြင့် ၎င်း၏ **ရည်မှန်းချက်နှင့်ပန်းတိုင်** (ဦးတည်ချက်) Aims

and Objectives (Direction) များကို အတော်အတန်ရှင်းလင်းစွာ နားလည်သိရှိနိုင်ပြီး ၎င်း၏ရည်မှန်းချက်များနှင့်ပတ်သက်၍ တိုးတက်မှုရှိအောင် မိမိကိုယ်ကို အစဉ်တစိုက်ဖိအားပေးလိမ့်မည်။ ၎င်းတို့သည် များသောအားဖြင့် ကနဦးပိုင်းတွင် အခြေအနေများအားလုံးကို မှန်ကန်စွာအကဲဖြတ်နိုင်ရန် ၎င်းတို့ထံ၌ လုံလောက်သောဗဟုသုတ၊ ရင့်ကျက်မှုသို့မဟုတ်အရင်းအမြစ်များ မရှိသေးသောကြောင့် ၎င်းတို့၏ ကနဦးရည်မှန်းချက်ပန်းတိုင်များနှင့် လွဲချော်သွားနိုင်ချေ ရှိနိုင်သည်။ လူတစ်ယောက်အနေဖြင့် အမှားများကျူးလွန်မိနိုင်ပြီး ရံဖန်ရံခါ သို့မဟုတ် အကြိမ်ကြိမ်လဲကျ(ကျရှုံး)နိုင်ပြီး အဲဒီအမှားတွေကို ထပ်ခါတလဲလဲ မလုပ်မိဖို့ အရေးကြီးပါတယ်။ ပို၍အရေးကြီးသည်မှာ ၎င်းအနေဖြင့် နောက်တဖန် ပြန်ထလာနိုင်ပြီး ခေတ္တခဏကျရှုံးမှုကို လက်ခံပြီး ရာသက်ပန်အရှုံးမပေးလိုက်ဖို့ လိုအပ်ပါသည်။ အကယ်၍ ရှေ့ဆက်လျှောက်ရမည့်လမ်းများ ပိတ်ဆို့ခံရ နေပါကလည်း ပိုမိုမြင့်မားသော အောင်မြင်များမှုအတွက် နောက်ဆုံးဖြစ်နိုင်ခြေ ရှိသော အခြားရွေးချယ်စရာများကို ထပ်မံရှာဖွေ ရမည်ဖြစ်သည်။ အကျိုး အကြောင်းစီလျော်မှုနှင့် ညှိနှိုင်းလုပ်ကိုင်နိုင်စွမ်းရှိသော စရိုက်လက္ခဏာမျိုး ပိုင်ဆိုင်သော လူတစ်ယောက်သည်သာ သမာဓိတရားကိုရနိုင်မည် ဖြစ်ပြီး၊ ၎င်း၏ ယုံကြည်ချက်အပေါ် အာရုံစူးစိုက်မှုသည် ၎င်း၏လုပ်ရပ်များနှင့် လိုက်ဖက်ညီ နေမည်ဖြစ်ပြီး သာမန်ထက် ပိုမိုသည့် အကျင့်ထူးကို ကျင့်နိုင်မည်ဖြစ်သည်။ **မှတ်ချက်** - *ရည်မှန်းချက်နှင့်ပန်းတိုင် Aims and Objectives များမရှိပါက အာရုံစူးစိုက်ရန်မလို၊ ထို့ကြောင့်မည်သည့်တိကျသော သမာဓိ (ရည်မှန်းချက်နှင့် ပန်းတိုင် Aims and Objectives များ၏လုပ်ဆောင်ချက်) မလိုအပ်ပါ။*

**ရည်မှန်းချက်နှင့်ပန်းတိုင်** Aims and Objectives ကင်းမဲ့သူများသည် သမာဓိတရားရှိခြင်း ကိုမလိုလားကြပါ။ အကြောင်းပြချက်တစ်စုံတစ်ရာကြောင့် ၎င်းတို့၏ကံကြမ္မာသည် တစ်နည်းနည်းအားဖြင့်ကြီးပွားတိုးတက်လာပေမဲ့ ၎င်းတို့သည် သာမန်ထက်ပိုမိုကြိုးစားအားထုတ်ရန် အမြဲတစေ လိုအပ်နေမည်ဖြစ်ပြီး၊ သို့မဟုတ်ပါက ၎င်းတို့သည် မည်သို့ပင် လိမ်ညာဖုံးကွယ်နေပါစေ ကျရှုံးခြင်းနဲ့ပဲ ရင်ဆိုင်ရလိမ့်မည်။

ဒေါ်လာသန်းတစ်ရာရရန် ရည်ရွယ်ပြီး အကောင်းဆုံးလေ့ကျင့်ထားသော အားကစားသမားများနှင့် လေ့ကျင့်မှုလုံးဝမရှိပဲ အောက်ခြေမှစတင်ပြိုင်ပွဲ ဝင်ရမည့် သာမန်လူတစ်ဦး၏ဥပမာကိုသုံးသပ်ကြည့်ပါ။ ၎င်းအနေနှင့် ညစ်ပက်သောနည်းလမ်း၊ မတရားသောနည်းလမ်း တစ်မျိုးမျိုးသုံးမှသာလျှင် ပြိုင်ပွဲကို အနိုင်ရနိုင်မည်ဖြစ်ပါသည်။ သမာဓိတရားကို လက်ကိုင်မထားနိုင်သောသူများအနေဖြင့် ၎င်းတို့၏ စရိုက်လက္ခဏာများလည်း ပျက်ယွင်းနေပြီး အများနှင့်ယှဥ်ပြိုင်သည့်အခါမျိုးတွင် လိမ်ညာ၊ကောက်ကျစ်၊လှည့်ဖျား Lie ,Cheat and Deceive (LCD) ခြင်းကိုအသုံးပြုလေ့ရှိသည်။ ကိုယ်ရည်ကိုယ်သွေး ရှုပ်ထွေးမှုရောဂါ Character disordered ဖြစ်နေသူများသည် သမာဓိတရားရှိသူများနှင့် ဆန့်ကျင်ဘက်ဖြစ်ကြပြီး ယေဘုယျအားဖြင့် ၎င်းတို့သည် Lie ,Cheat and Deceive (LCD) များဖြစ်ကြသည်။

သမာဓိတရားကို တိုးတက်မှုရှိသူများ၊ အဖွဲ့အစည်းများ၊ လူ့အဖွဲ့အစည်းများနှင့် နိုင်ငံများအတွင်း၌ အင်အားကြီးမားသောအပြုသဘောဆောင်သည့် စွမ်းအားတစ်ခုအဖြစ် နားလည်သဘောပေါက်ထားကြပြီး အသက်ဝင်နေသည့် စကားလုံးတစ်လုံးအဖြစ် ကျယ်ပြန့်ပြီး ကမ္ဘာကြီး၏သဘာဝတရားကြီးကိုလည်း အပြုသဘောဖြင့် တုံ့ပြန်နေသည်မဟုတ်လော။ ယင်းမှာ အပေါင်းလက္ခဏာဆောင်သော ဆင့်ကဲဖြစ်စဥ်လမ်းကြောင်းမှ မှန်ကန်သောယုံကြည်မှုဆိုင်ရာ အပြုသဘောလက္ခဏာဖြစ်သည်။ လူတစ်ယောက်အနေနဲ့ သမာဓိတရား ရှိနေမည်ဆိုပါက ၎င်းအတွက် ဖျက်လိုဖျက်စီးလိုသည့် စိတ်ဓါတ်လည်း နည်းပါးလာမည် ဖြစ်သည်။ သမာဓိ တရားသည် ကမ္ဘာမြေကြီးကို တည်ကြည်မှု၊ နိုးကြားမှု နှင့် ရဲစွမ်းသတ္တိတို့ဖြင့် မောင်းနှင့်နေသည့် အရှိတရားလည်းဖြစ်သည်။ **သမာဓိတရားသည် မူအရ လက်တွေ့ကျလှပြီး စိတ်ကူးယဥ်ဆန်ခြင်းမရှိပဲ အထွဋ်အမြတ်ထားလျှက် မြတ်နိုးအပ်သည့် အရာလည်းဖြစ်သည်။ သမာဓိတရား ခေါင်းပါးသောသူများသည် ရိုးရှင်းသော အလုပ်ကို စမ်းတဝါးဝါးဖြင့် ဆောင်ရွက်ကြလိမ့်မည်။** အကြောင်းမှုကာ ၎င်းတို့သည် လုံလောက်သင့်လျော်သော သမာဓိတရား ချို့ငဲ့သောကြောင့် ဖြစ်သည်။

သင့်တော်သော သီလ နှင့် အသိ-သတိတရားကို တိကျစွာစွဲကိုင်ကျင့်သုံးခြင်းအားဖြင့် သမာဓိ တရား၏စွမ်းအားကိုမြှင့်တင်နိုင်သည်ကို လူအတော်များများက အတိအလင်း နားလည်သဘော ပေါက်ခြင်း မရှိပေ။

သီလဆိုသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ငါးပါးသီလသာမက၊ ခရိယာန်ဘာသာဝင်တွင် ပညတ်တော်တရား ၁၀ ပါးတို့ကဲ့သော ဘာသာရေးဆိုင်ရာ လိုက်နာဖွယ် စည်းမျဉ်းများကို ဆိုလိုပြီး၊ များသောအားဖြင့် ၎င်းသည် "သင်သည်မလုပ်ရ" "thou shall not" ပညတ်များနှင့် ဆက်နွယ်ခြင်းဖြစ်ပါသည်။ သို့သော် ကောင်းမွန်သော ကိုယ်ကျင့်တရားသာခံယူသောလူများအနေဖြင့် သင်"ဖြစ်ရမည်" "thou shall" ကိုပါကျင့်သုံးနိုင်ခွင့်ရှိပြီး ဥပမာအားဖြင့် ပြောရရင် အလွန် အရေးကြီးသောစာမေးပွဲအတွက် စာသင်ကြားသောကျောင်းသားတစ်ဦးသည် တစ်ရက်လျှင် အနည်းဆုံးရှစ်နာရီ "စာကိုလေ့လာကျက်မှတ်ရမည်" "thou shall" ဖြစ်သည်။ ကျန်းမာအောင် "နေရမည်" "thou shall" ဖြစ်သည်။ ယခုစဥ်းစားနိုင်သည်ထက် ပိုမိုကောင်းမွန်သော အတွေးအခေါ် စဥ်းစားနိုင်ရမည်ဟူသော "thou shall"။ နောက်ထပ် ဥပမာတစ်ခုကတော့ ချန်ပီယံဆုအတွက် ရည်မှန်း လေ့ကျင့်နေသည့် အားကစားသမားတစ်ယောက် လိုက်နာရသည်မှာ၊ အားကစားတားမြစ် ဆေးဝါးများ "thou shall not" "အသုံးမပြုရ" ။ **သီလဆိုသည်မှာ ကိုးကွယ်ယုံကြည်မှု ဆိုင်ရာမသက်ဆိုင်ဘဲ ကိုယ်ကျင့်တရားနှင့်သာ သက်ဆိုင်သည်။** ဥပမာအားဖြင့် သင်သည် LCD ( Lie ,Cheat and Deceive) ဖြစ်အောင် "မနေထိုင်ရ" "thou shall not"။ သမာဓိတရား၏ အမြင့်ဆုံးသောအမိန့်သည် သီလတရားကို အမြင့်မားဆုံး နားလည်သိမြင်ခြင်း နှင့် ကိုက်ညီအောင် နေထိုင်သွားခြင်းကို ဆိုလိုသည်။

**ကိုယ်ရည်ကိုယ်သွေး ရှုပ်ထွေးမှုရောဂါ** Character Disordered ဖြစ်နေသည့် ပုဂ္ဂိုလ်များ သည် သာမန်အားဖြင့် အမှားအမှန်ကို ခွဲခြားသိမြင်တတ်ပြီး များသောအားဖြင့် အပြစ်ပေးခြင်းမှ လွတ်မြောက်နိုင်ရန် သို့မဟုတ် သူတို့၏လုပ်ဖော်ကိုင်ဖက်များက သူတို့၏လုပ်ရပ်များကို အမှန် တရားဟု ယူဆလာရန်၎င်းတို့ကိုယ်တိုင်းဝိုင်းဝန်းပြီး ယုံကြည်ဟန်ဆောင်ကြသည်။ ကိုယ်ကျင့် တရားအကြောင်း ဟောပြောဆုံးမခြင်း

များသည် ယေဘုယျအားဖြင့် ၎င်းတို့ကို မရပ်တန့်နိုင်ပါ။ ထိရောက်သောအပြစ်ပေး အရေးယူမှုသာလျှင် ၎င်းတို့၏လုပ်ရပ်တွေ တားဆီးရပ်တန်းစေနိုင် သည်။

**သမာဓိတရားအတွက် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုမှာ အသိ-သတိရှိခြင်းပင် ဖြစ်သည်။** ၎င်းသည်လုပ်ငန်းတစ်ခု သို့မဟုတ် အခြေအနေတစ်ခုနှင့်စပ်လျဉ်း၍ မြဲမြံစွာ သတိရှိခြင်းကိုဆိုလိုသည်။ **အသိ-သတိရှိခြင်းသည် မည်သည့်လုပ်ဆောင်ချက်ကိုမဆို မှန်ကန်စွာရွေးချယ်နိုင်ရန် လမ်းပြပေးနိုင်သည်။** စိန်ခေါ်မှုအခြေအနေများကို အမှားအယွင်းမရှိ ထိထိရောက်ရောက်၊ နိုင်နိုင်နင်းနင်း၊ သင့်တင့်လျောက်ပတ်စွာ အမြန်ဆုံးကိုင်တွယ်ဖြေရှင်းရန် အစီအစဉ်လိုအပ်သည်။ သီလစောင့်ထိန်းခြင်းအားဖြင့် သတိရှိစွာ အမှားကင်းနိုင်သမျှ ကင်းကင်းဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အလွန်ပင်အရေးကြီးလှသည်။ အလုပ်တစ်ခုကို သင့်လျော်သော ကြိုတင်ပြင်ဆင်မှု (သို့) အရေးယူမှုကင်းမဲ့နေစဉ်၏အခြေအနေကို သတိပြုမိခြင်းသည် သာမန် သတိနှင့်သာတူညီသည်။ **အသိ-သတိရှိခြင်း MINDFULNESS ၏အဓိပ္ပါယ်မှာ mistake free, error free, fault free အမှားကင်းခြင်းတို့ပါဝင်သည့်ရှုထောင့်ကို မကြာသေးခင်မှ ကျွန်ုပ်အပြည့်အဝ နားလည်လာခဲ့သည်။** အထူးသဖြင့် အလွန်အရေးကြီးသော နည်းပညာများနှင့် ပတ်သက်၍ **အသိ-သတိရှိခြင်း MINDFULNESS သည် သမာဓိတရား SAMADHI ၏ အမြင့်ဆုံးအဆင့် ဖြစ်သည်။**

ကျွမ်းကျင်သည့်ယာဉ်မောင်းတစ်ယောက်သည် ယာဉ်တစ်စီးကိုမောင်းနှင်နေစဉ် ယာဉ်၏ပတ်ဝန်းကျင် အခြေအနေပေါ်အစဉ်မပြတ် အာရုံစူးစိုက်ရပြီး ဘတ်စ်ကားဖြစ်စေ၊ အိမ်စီးကား ဖြစ်စေ၊ နှင်းများကျနေစဉ်ဖြစ်စေ၊ သဲကန္တာရထဲဖြစ်စေ၊ တစ်ဦးတည်းမောင်းနှင်းနေစဉ် ဖြစ်စေ၊ အခြားသူများလိုက်ပါနေစဉ်ဖြစ်စေ သတိရှိစွာ မောင်းနှင်းရသည်။ ၎င်းအနေဖြင့် ကားမောင်းနေစဉ် စတီယာရင် နှင့်ဘရိတ်၏စွမ်းဆောင်နိုင်မှုအကန့်အသတ်အတွင်း မောင်းနှင်ရန်သတိထားနေ ရမည်ဖြစ်သည်။ ယင်းကြောင့် ၎င်း၏ ဘရိတ်များ၊ တာယာများ နှင့်စတီယာရင်ယန္တရားများ ကောင်းမွန်စွာလည်ပတ်ကြောင်း သေချာဖို့ လိုအပ်ခြင်း၊ ယာဉ်စည်းကမ်း သဘော

သဘာဝကို နားလည်ခြင်း၊ လုံလောက်သော အာမခံ ထားရှိခြင်း၊ ဘယ်အချိန်တွင် စက်နှိုးရမည်၊ ဘယ်အချိန် တွင်အရှိန်မြင့်ရမည်၊ ဘယ်အချိန်တွင် အရှိန်လျှော့ရမည်၊ ဘယ်လိုရှောင်ရမည် ၊ ဘယ်လို အန္တရာယ်ကင်းစွာ ရပ်တန့်ရမည် ဆိုသည်များကို သိရှိရသည်။ အကယ်၍ အကျွမ်းတဝင်မရှိသော နေရာအသစ်တစ်ခုသို့ မောင်းနှင်သွားသောအခါ ၎င်းအနေဖြင့် မြေပုံများ၊ အဆက်အသွယ်များ၊ လမ်းညွှန်စာအုပ်များ စသည်ဖြင့် အချက်လက်များစုဆောင်းရမည်။ ထို့ထက်မူကာ ၎င်းအနေဖြင့် ကားမောင်းနေစဉ် သမ္မာသတိရှိရှိ ရှိနေရပြီး ခရီးသည်ကြောင့်ဖြစ်စေ၊ ဆယ်လူလာဖုန်းသံကြောင့် ဖြစ်စေ၊ လမ်းဘေးရှုခင်းကြောင့်ဖြစ်စေ၊ တချက်တလေမှ သတိလစ်ဟင်းမှုမဖြစ်စေရ။ ယာဉ်နှင့် ယာဉ်ကြောအခြေအနေကိုသာ အာရုံစိုက်ရမည်။ အတွေ့အကြုံများလာသည်နှင့်အမျှ အထက်ပါဖော်ပြသော ကိစ္စရပ်များအပေါ် အပြည့်အဝ စဉ်းစားဆင်ခြင်နိုင် စွမ်းရည်များလည်း တိုးတက် လာပြီး သမာဓိတရားနှင့်အတူ သတိရှိသော ယာဉ်မောင်းဖြစ်လာသည်။ အထက်ပါဖော်ပြချက် များတွင် ကားမောင်းနေချိန်တွင် အမှားမဖြစ်စေရန်အတွက် ရှိရမည့်သတိများကို ဥပမာအနေဖြင့် ဖော်ပြခြင်း ဖြစ်ပါသည်။

ကျွန်တော်အငြိမ်းစာမယူမီ၊ အမေရိကန်နိုင်ငံကာကွယ်ရေးဌာန၏ ဆော့ဖ်ဝဲလ်ဖွင့်ဖြိုးတိုးတက်မှုအစီအစဉ်တစ်ခုဖြစ်သော အာကာသနှင့်နျူကလီးယားနည်းပညာများ အတွက် အသုံးချနိုင်ရန်လေ့ကျင့်ပေးသော စွမ်းရည်ဆိုင်ရာရင့်ကျက်မှုပုံစံ CMM (Capability Maturity Model အသေးစိတ်လေ့လာရန်အတွက် web တွင်ကြည့်ပါ) သင်တန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ရပါသည်။ အမေရိကန်သည် ၁၉၉၅ ခုနှစ်မှစ၍ အဆိုပါ နည်းစနစ်ကိုအကောင်အထည်ဖော်နိုင်ရန် ဒေါ်လာသန်း ထောင်နှင့်ချီ သုံးစွဲခဲ့ရသည်။ အမှန်ကတော့ အလွန်အရေးကြီးလှသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် ကြီးမားလှသည့် ကွန်ပျူတာစနစ်နှင့်အတူ ဆော့ဝဲလ်ကို အသုံးပြုပြီး သမာဓိတရား၏ အမြင့်ဆုံးအမိန့် ဖြင့် အကောင်အထည်ဖော်သည်။ ၎င်းတို့၏ ရည်မှန်းချက်မှာ အသုံးပြုနေသည့် ဤစနစ်ကို **အမှားအယွင်း လုံးဝမရှိစေရေး zero error ၊ ချို့ယွင်းချက် လုံးဝ မရှိစေရေး zero defects** ပင်ဖြစ်သည်။

အာရှနိုင်ငံများဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ ထိုင်ဝမ်၊ တရုတ်တို့သည် ကွန်ပြူတာနည်းပညာ ပိုင်းဆိုင်ရာတွင် ဥရောပနိုင်ငံများထက်စွမ်းဆောင်ရည် ပိုမိုသာလွန်လာနေပြီး စီးပွားရေးနယ်ပယ် တွင်လည်း ခိုင်မာသော စီးပွားရေးနှင့် အတူရှိလာခဲ့သည်။ လက်ရှိအခြေအနေ ရောက်ရှိ ရန်အတွက်နှစ်ပေါင်း ၃၀ ကြိုးစား ခဲ့ရသည်။ ၎င်းတို့သည် သမာဓိစွမ်းအား ရှိသည်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ နိုင်ငံများ၏ နည်းပညာနှင့် ယဥ်ကျေးမှု ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်ပုံ အဆင့်ဆင့် ဂရုမူသင့်ပြီး ၎င်းတို့ဘာကြောင့် တိုးတက်သည် ဆိုသော မေးခွန်းကို မိမိကိုယ်ကို မိမိမေးသင့်ပါသည်။ ကျွန်တော်တို့၏ အနာဂတ်တွင် ၎င်းတို့ထံမှ အတုယူသင့် သည်ကို ယူရမည်။ ၎င်းတို့ထံမှ ဘယ်အရာကို လေ့လာသင်ယူရမည် ကိုလည်း ရှာဖွေဖော်ထုတ်ဖို့ လိုအပ်ပါသည်။

သိပ္ပံနည်းပညာလောကတွင် အဲလ်ဘတ်အိုင်းစတိုင်း Albert Einstein သည် သီအိုရီဆိုင်ရာ ရူပဗေဒပညာရပ်အတွက် ကြီးမြတ်သည့် သမာဓိတရား ထားရှိသူတစ်ဦးဖြစ်သည်။ ၎င်း၏သိပ္ပံနည်းပညာအပေါ်သက်ရောက်မှုသည် ကြီးမားလှပြီး ဒဏ္ဍာရီဆန်လွန်း လှသည်။ သမာဓိတရားပိုင်ဆိုင်ထားသူ တစ်ဦးတည်းကသာ ဤသို့သော ကံကြမ္မာမျိုးကို ရှိနိုင်မည်ဖြစ်သည်။ ကြီးမြတ်သည့် သမာဓိတရားကို ပိုင်ဆိုင် ထားသူသည်သာ ကြီးမြတ်သော ကံတရား၏သက်ရောက်မှုကို ရရှိနိုင်မည်ဖြစ် ပြီး မိမိကိုယ်တိုင်မှလွဲ၍ မည်သူမှလည်း အဆိုပါစွမ်းအားကို လုယူနိုင်စွမ်းရှိမည် မဟုတ်ပါ။

ဤဆောင်းပါးကို ဖက်ရသူအဖို့ ၎င်း၏စိတ်တွင် စာရိတ္တပိုင်းဆိုင်ရာ အခြေခံစည်းမျဥ်းနှင့် တန်ဖိုးကို တိုင်းတာနိုင်မည့် ဇယားကားချပ်တစ်ခု(သဘောတရားများ၊ တန်ဖိုးများ) ပုံဖော်နိုင်မည် ဟုယူဆပါသည်။ မိမိကိုယ်ကို မိမိသမာဓိတရား ရှိ/မရှိနှင့် မိမိသည်မည်ကဲ့သို့သော ပုဂ္ဂိုလ် ဖြစ်ပါသနည်း ဟူသောမေးခွန်းကို ဖြေဆိုနိုင် လောက်ပြီ ထင်ပါသည်။ အကယ်၍သင်သည် အောက်တန်းကျသည့် LCD ( Lie ,Cheat and Deceive) လူအမျိုးအစားတို့ကို ဆန့်ကျင်ပါက သင့်ကိုယ်သင် ဆက်မေးရမည့်မေးခွန်းများမှာ "ကျွန်ုပ်တို့သည် ဤ အောက်တန်းကျသည့် LCD

( Lie ,Cheat and Deceive) လူအမျိုးအစားတို့၏ တိုင်းပြည်နှင့် လူမျိုးအပေါ် လွှမ်းမိုးမှုကိုခံယူမှာလား? ကျွန်တော်တို့ ၎င်းတို့ကို အရှုံးပေးလိုက်တော့မည်လော?” အကယ်၍လက်မခံနိုင်ပါက ကျွန်တော်တို့သည် အတူတကွလက်ဆွဲညီညာစွာဖြင့် ထိုအခြေနေ မဖြစ်ပေါ်အောင် အားသွန်ကြိုးပမ်း ဆောင်ရွက်ကြပါစို့။